- စာသင်နှစ်တနှစ်အတွင်း စုစုပေါင်း ၁၅ကြိမ် (သို့မဟုတ် လိုအပ်သည်ဟုထင်ပါက ၁၅ကြိမ်ထက် နည်းသည့် အကြိမ်ရေ ဖြစ်မည်) ပျက် ကွက်ပါက ကျောင်းနှင့်အခြား သင့်လျော်သည့်ရပ်ကွက် (သို့မဟုတ်) လွတ်လပ်သည့်အသင်းအဖွဲ့တခုခုမှ ကိုယ်စား လှယ်များပါဝင် တက်ရောက်သည့် ကျောင်းအစည်းအဝေးသို့ မိဘ၊ အုပ်ထိမ်းသူများ တက်ရောက်ရန် ကျောင်းဆောင် အုပ်ချုပ်ရေး တာဝန်ခံက တောင်းဆိုနိုင်သည်။ ဤအစည်းအဝေးက နောက်နောင်တွင် ကျောင်းသားများ ကျောင်းမှန်မှန် တက်ရေး အတွက် ရေးဆွဲမည့် စီမံကိန်းတခုကို အလေးထားဆွေးနွေးမည် ဖြစ်သည်။ ဤဆွေး နွေးမှုတွင် ကြိုတင်ကာကွယ်တားဆီးရေး၊ ပြဿနာဇစ်မြစ် ရှာဖွေ ဖော်ထုတ်ရေး၊ ဝင်ရောက်ပါဝင်ဆောင်ရွက်ရေးနှင့် ပြဿနာအဖြေရှာရေး၊ အခြားရွေးချယ် နိုင်သည့် အစီအစဉ်များနှင့် မိမိတို့ ပတ်ဝန်းကျင်၊ ရပ်ကွက်၊ အခြားကျောင်းများတွင် ရရှိနိုင်သော အကူအညီ၊ အချက်အလက်အရင်းအမြစ်များ ပါဝင်သည်။
- ၁၅ကြိမ် ကျောင်းပျက်သည့် ကျောင်းသားများနှင့်ဆိုင်သည့် အစည်းအဝေးတက်ရန် ပျက်ကွက်ပါက။ ကျောင်းအုပ်ချုပ်ရေးအရာရှိ (သို့မဟုတ်) အခြားကျောင်း တာဝန်ခံ တဦးဦးက မိဘ၊ အုပ်ထိမ်းသူ(များ) အိမ်သို့ ကိုယ်တိုင်လာရောက်မည်၊ (သို့မဟုတ်) တခြားတနည်းနည်း ဖြင့် ဆက်သွယ်မည်။
- စာသင်နှစ်တနှစ်အတွင်း အကြိမ် ၂၀ ပျက်ကွက်ပါက၊ (Chittenden) ချစ်တင်းဒင် ကောင်တီပြည်နယ် ရှေ့နေအာဏာဖြင့် ကိုယ်ပိုင် ဆုံးဖြတ်ချက်အရ ကျောင်းက ဤပျက်ကွက်မှုနှင့် သက်ဆိုင်သည့် ကျမ်းကျိန်လွှာကို တရားရုံးတော်သို့ တင်သွင်းရပေ မည်။ ဤတိုင်တန်းချက်ကို မိဘ၊ အုပ်ထိမ်းသူ(များ) ထံ အသိပေးအကြောင်းရမည်။ ကျောင်းပျက်ကွက်ခြင်းအတွက် ပြစ်မှုဆိုင်ရာ တရားစွဲ ဆိုနိုင်ခြေရှိမှု (သို့မဟုတ်) ဤကျောင်းသားသည် ထိန်းသိမ်းစောင့်ရှောက် ရန်နှင့်ကြီးကြပ်မှုခံယူရန် လိုအပ်နေ သေးသည် ဆိုခြင်းကို ဆုံးဖြတ်ရန်အတွက် အသနားခံနိုင် သည်ဆိုခြင်းကို အသိပေးရ မည်။ ကျောင်းပျက်ကွက်မှုအတွက် ချမှတ်သည့် ပြစ်ဒဏ် စီရင်ချက်တွင် ဒဏ်ကြေး ဒေါ်လာ ၁ထောင် (၁,၀၀၀ ဒေါ်လာ) နှင့် ဤကလေးကို မိဘ၊ အုပ်ထိမ်းသူ တဦးဦး၏ စောင့်ရှောက်မှုအောက်တွင် ထားရန် လိုအပ်နေသေးသည်ဟု ချမှတ်နိုင်သည်။ အဆိုးဝါးဆုံးအနေဖြင့် မိမိ၏ကလေးကို ဆက်လက်အုပ်ထိမ်းနိုင်ခွင့် အခွင့်အရေး ဆုံးရှုံးသွားနိုင် သည့်အနေအထားမျိုးလည်း ဖြစ်သွားနိုင်သည်။

ကျောင်နောက်ကျမှုနှင့်ဆိုင်သည့် လုပ်ထုံးလုပ်နည်းအရ-

ကျောင်းနောက်ကျမှုနှင့်ပတ်သက်၍ ၅ကြိမ်၊ ၁၀ကြိမ်၊ ၁၅ကြိမ်၊ အကြိမ် ၂၀ နောက်ကျ တိုင်း မိဘများထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ် မည်ဖြစ်သည်။ ၁၅ကြိမ်နောက် ကျပါက ကျောင်းအဆောင်အုပ်ချုပ်ရေးတာဝန်ခံက ကျောင်းသူ၊ ကျောင်းသားများ၏ ကျောင်းနောက်ကျမှုကို ဖြေရှင်းရန် အစည်းအဝေး ခေါ်ဆိုရန် တောင်းဆိုနိုင်သည်။

## ကြီးနိုင်ငယ်ညှင်းပြုလုပ်ခြင်း၊ နှိပ်ကွပ်ခြင်း၊ အနှောင့်အယှက်ပေးခြင်း

၂၀၁၅-၂၀၁၆ စာသင်နှစ်အစ၌ ဗားမောင့်ပြည်နယ်သည် ၎င်းတို့၏ကြီးနိုင်ငယ်ညှင်းပြု လုပ်ခြင်း၊ နှိပ်ကွပ်ခြင်း၊ အနှောင့်အယှက်ပေးခြင်း ပေါ်လစီများတွင် အပြောင်းအလဲများ ရှိသည်။ ယခင်နှစ် များတွင် ကြီးနိုင်ငယ်ညှင်းပြု လုပ်မှုအတွက် ပေါ်လစီတခု၊နှိပ်ကွပ်ခြင်း အတွက်ပေါ်လစီတခုနှင့် အနှောက်အယှက်ပေးခြင်းအတွက်ပေါ်လစီ တခု စသည်ဖြင့် သီးခြားပေါ်လစီ၃ခုရှိသည်။ လောလောဆယ်ဆယ်တွင် ကြီးနိုင်ငယ်ညှင်းပြုလုပ်ခြင်း၊ နှိပ်ကွပ်ခြင်း၊ အနှောင့်အယှက်ပေးခြင်း ဆိုင်ရာ ပေါ်လစီတခုသာ ရှိသည်။ ပေါ်လစီအသစ် ကိုလည်း ပြည့်စုံသည့် အကောင် အထည်ဖော်မှု လုပ်ထုံးလုပ်နည်းတစုံဖြင့် တွဲဖက်ထား သည်။

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေသည် ဘေးကင်းလုံခြုံစွာ သင်ယူနိုင်သည့် ပတ်ဝန်းကျင် တခုကို ကြိုးစား ပြုစုပျိုးထောင်နေပါသည်။ ဤပတ်ဝန်းကျင်တွင် ကျောင်း သားများနှင့် ကျောင်းဝန် ထမ်းများသည် တဦးနှင့်တဦး လေးစားသည့်အပြုအမူ၊ အပြောအဆိုများ ဖော်ပြနေရပေမည်။ ကြီးနိုင်ငယ်ငြင်းပြုလုပ်ခြင်းကို မည်သည့်ပုံစံနှင့်မျှ သည်းခံခွင့်လွှတ်မည်မဟုတ်ပေ။

အထူးသဖြင့် ကြီးနိုင်ငယ်ညှင်းပြုလုပ်ခြင်း ဆိုသည်မှာ အီလက်ထရွန်းနစ် ပစ္စည်းများက တဆင့်ပြု လုပ်သောအပြု အမူများ အပါအဝင် ကျောင်းသားတဦး(သို့မဟုတ်) ကျောင်းသား အုပ်စုတစုက အခြားကျောင်းသားတဦးအား လှောင်ပြောင်သရော်ရန်၊ အရှက်ခွဲရန်၊ (နှင့်/ သို့မဟုတ်) ခြိမ်းခြောက်ရန် ရည်ရွယ်ချက်ဖြင့် အကြိမ်များစွာထပ်ခါတလဲလဲ ဦးတည်လုပ်ဆောင်သည့် အပြုအမူကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။ ဤလုပ်ရပ်မျိုးသည် ကျောင်းဖွင့်သည့်ရက်များ၌ ကျောင်းပရိဝုဏ်အတွင်း၊ ကျောင်းမတက်မီ (သို့မဟုတ်) ကျောင်းဆင်းချိန်အပြီး ဘတ်စ်ကားပေါ်တွင်၊ (သို့မဟုတ်) ကျောင်းကပြုလုပ်သော လှုပ်ရှားမှုအခုခုတွင် ဖြစ်ပွား လေ့ရှိသည်။

ကြီးနိုင်ငယ်ညှင်းအပြုအမူကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျောင်းတစ်ကျောင်းချင်းစီ အလိုက် လုပ်ထုံးလုပ်နည်း များ စနစ်တကျ ရှိပါသည်။ ကြီးနိုင်ငယ်ညှင်း ဖြစ်ရပ်များနှင့် ပတ်သက်၍ စိုးရိမ်ပူ ပန်မှုရှိလျှင် ကျောင်းအဆောင် အုပ်ချုပ်ရေးတာဝန်ခံ နှင့် စကားပြောပါရန် မိဘများကို အားပေး တိုက်တွန်းပါသည်။ ကျောင်းမှခန့်အပ်ထားသည့် ဝန်ထမ်းများနှင့်ဆိုင်သည့် သတင်းအချက် အလက်များနှင့် ကျောင်းအုပ်ချုပ်ရေး

## တိုးချဲ့လေ့လာရေးအခွင့်အလမ်းများ

ဤအစီအစဉ်တွင် ပညာရေးအထောက်အကူပေးခြင်းနှင့်နားေ နအပန်းဖြေမှုမှ ကျောင်းသားများ ၏ ခေါင်းဆောင်မှုနှင့်လုပ်ငန်း များလေ့လာသင်ယူမှုအထိ ပါဝင်သည်။ အစီအစဉ်တခုချင်းစီ၌ လည်း ရွက်လွှင့်ခြင်း၊ လက်သမားပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုပညာရေး၊ လီဂိုစက်ရုပ်လုပ်သည့်နည်းပညာ (LEGO Robotics)၊ အနုပညာ စသည်တို့ကဲ့သို့ အခွင့်အလမ်း များဖြည့်ဆည်းပေးရန်အတွက် ရပ်ကွက်လူမှုအသိုင်းအဝိုင်းမှ လုပ်ဖော်ကိုင်ဖက် (၅၀) ကျော်တို့နှင့် နီးနီးကပ်ကပ် ဆက်သွယ်လုပ်ကိုင်ကြသည်။

ကျေးဇူးပြု၍ မှတ်ပုံတင်စာရင်းသွင်းရန်နှင့်အခြားမေးမြန်းလိုပါက တိုးချဲ့သင်ကြား လေ့လာမှု အခွင့်အလမ်း ဒါရိုက်တာဖြစ်သည့် ခရစ်စတီ ဂယ်လ့ဲစ်ကို ဖုန်း (၈၀၂) ၅၄၀-၀၂၈၅ ၊ လိုင်းခွဲ (ext) 71200 ဖြင့်ဆက်သွယ်ပါ

### မိဘတက္ကသိုလ်

မိဘတက္ကသိုလ်က မိမိတို့ကျောင်းရှိ မိသားစုများအကြား မိမိကိုယ်တိုင်ပါဝင်သက်ဆိုင် နေသည်ဆိုသည့်အသိန င့်ဆက်သွယ်မှုကို မြှင့်တင်ပေးနေသည်နှင့်တပြိုင်တည်း ကျောင်းအုပ်ချုပ်ရေးနယ်မြေနှင့် ပိုမိုကြီးမားကျယ်ပြန့်သည့် ဘာလင်တန်လူမှုအသိုင်းအဝိုင်း အကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားကောင်းစေပါသည်။ မြို့အုပ်ချုပ်ရေးများနှင့်ပြည်နယ်အုပ်ချုပ်ရေးများကဲ့သို့ ပင် ရပ်ကွက်လူမှုအသိုင်းအဝိုင်းမှ အဖွဲ့အစည်းများလည်း ဤအစီအစဉ်တွင် အတူတကွပူးပေါင်းလုပ်ဆောင်မှုများ တိုးများလာနေပါသည်။ ဤအစီအစဉ်က မိဘများနှင့်အဖိုးအဖွားများအား တပါတ်လျှင် ၅ရက်၊ ၁၀ပါတ်-၁၂ပါတ်ကြာ သင်ယူလေ့လာမှုအခွင့်အလမ်းများ ဆောင်ရွက်ပေးပါသည်။ ဤသည်က ၎င်းတို့၏ကလေးများ၏ ပညာရေးနှင့်လူမှုဘဝတွင် တန်းတူရည်တူလုပ်ဖော်ကိုင်ဖက်များ အဖြစ် အထောက်အကူ ဖြစ်စေပါသည်။ မည်သည့် ဘီအက်စ်ဒီ (BSD) မိဘမဆို ဤအခမဲ့အစီအစဉ်တွင် စာရင်းပေးသွင်းကြပါရန် အားပေးကြိုဆိုပါသည်။ အတန်းအချိန်အလိုက် နေရာအကန့်အသတ်ရှိပါသည်။

နောက်ထပ်သိလို သည့်အချက်အလက်များအတွက် ကျေးဇူးပြု၍ **www..bsdvt.org./our-schools/parent-university/** (သို့မဟုတ်) အီးမေး-**adieng@bsdvt.org** (သို့မဟုတ်) ဖုန်း- **(802) 316-0731** မှတဆင့် အာလီ ဒီယန်း (Ali Dieng) ကို ဆက်သွယ်ပါ။

## မိဘများပါဝင်မှု

ကလေးများ၏ပညာရေးနှင့် ကျောင်းလူမှုအသိုင်းအဝိုင်းတွင် ပါဝင်ရန် မိဘများအား အခွင့် အလမ်းပေးရေးကို ဘာလင်တန်က အားထုတ်လုပ်ဆောင်သည်။ ကျောင်းအုပ်များနှင့် ဆရာများက မိသားစုများ နှင့် ဆက်ဆံရေးအထူး ကောင်းမွန်ရေးတည်ဆောက်ရန်လုပ်ကိုင်ကြပြီး ၎င်းတို့၏ကလေးများအား ထောက်ကူပေးရန်အတွက် မိသားစုများကို တယောက်ချင်း တွေ့ဆုံမှုများ ပြုလုပ်ရန်အတွက် ၎င်းတို့အား ဆက်သွယ်ရန် အမြဲတန်း ကြိုဆိုနေပါသည်။ ဤအသင်းများက ဘာလင်တန်ကျောင်း များအားလုံးအား အထောက်အကူပေးရန် လက်တွေ့ ဆောင် ရွက်မှုအစီအစဉ်များ ရေးဆွဲထားပြီး မိသားစုများ အားလုံး အတွက် နွေးထွေးသော ပတ်ဝန်းကျင်တခုကို ဖန်တီးထားပါသည်။

မူလတန်းကျောင်းများနှင့်အလယ်တိုင်းကျောင်းတိုင်းတွင်မိဘ-ဆရာအသင်းနှင့် အထက်တန်း ကျောင်းများတွင် စွမ်းရည်မြှင့်တင်ပေးသည့် ကလပ်များရှိသည်။ ဤအသင်းအဖွဲ့များက  လူမှုအသိုက်အဝိုင်း စည်ပင်သာယာရေးလှုပ်ရှားမှုများ လုပ်ဆောင်ရေးမှ အလုပ်ရုံဆွေး နွေးပွဲများနှင့်ရန်ပုံငွေ ရှာဖွေရေးပွဲများ ကို လက်ခံကျင်းပရေးအထိ မိဘများ ပါဝင်လာစေရန် အခွင့် အလမ်းများပေးသည်။

ကျောင်းအုပ်ချုပ်ရေးနယ်မြေအတွင်းရှိမိဘများ ပါဝင်မှု၊ လုပ်ထုံးလုပ်နည်းများနှင့် အခြား သတင်းများ သိလိုလျှင် အောက်ပါ ဝဘ်ဆိုဒ် သို့ သွားရောက်ကြည့်ရှုနိုင်ပါ သည်။ **www..bsdvt.org.**



နယ်မြေအတွင်း ရနိုင်သည့် အခြား သတင်းအချက်အလက် များသိလိုပါက အောက်တွင် ကြည့်ပါ။

### နိုပ်ကွပ်ခြင်း

ဆိုသည်မှာ ကျောင်းပရိဝုဏ်အတွင်း(သို့မဟုတ်)ကျောင်းအပြင်ဖက်တွင် ကျောင်းသား တယောက်က အခြားကျောင်းသား တယောက်အပေါ် (တဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ)၊ အဖွဲ့အစည်းတခုဖြင့်ဆက်သွယ်ရန် ကတိကဝတ်ပြုခိုင်း ခြင်း၊ အဖွဲ့အစည်းတခုခုအတွင်းသို့ ဇတ်သွင်းခြင်း၊ အဖွဲ့အစည်းတခုခုအောက်သို့ ဝင်စေခြင်း၊ ကျောင်းရုံးခန်း အတွင်း ထိန်းထားခြင်း၊ (သို့မဟုတ်) ဘာလင်တန်းကျောင်းအုပ်ချုပ်ရေးနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းတခုခု တွင် ဝင်ခိုင်းခြင်း စသည့် နည်းလမ်းများဖြင့် ကျူးလွန်သည့်လုပ်ရပ်တိုင်းကို ညွှန်းဆိုသည်။ လူလူချင်း နိုပ်ကွပ်သည့် လုပ်ရပ်များသည် အခြားကျောင်းသားတယောက်ကို အရှက်ရစေရန်၊ ခြိမ်းခြောက် ရန်၊ သို့မဟုတ်၊ သိက္ခာ ကျစေရန် ရည်ရွယ်ခြင်း ဖြစ်၍ ကျောင်းအုပ်ချုပ်ရေး နယ်မြေတွင် ဤလုပ် ရပ်များကို သည်းခံလိမ့်မည်မဟုတ်။

လူတဖက်သားအပေါ် နိုပ်ကွပ်ရာတွင် ပါဝင်လုပ်ဆောင်ခဲ့သည့်သူများသည် ခံရသည့်သူ၏ ခွင့်ပြုချက် (သို့မဟုတ်) သဘောတူညီမှုကြောင့် ကင်းလွတ်ခွင့်ရမည်မဟုတ်ချေ။ နိုပ်ကွပ်ခြင်း၊ မြှူဆွယ်ခြင်း၊ ညွှန်ကြားခြင်း၊ အကူအညီပေးခြင်း (သို့မဟုတ်) အကူအညီ ပေးရန်ကြိုးစားခြင်း၊ (သို့မဟုတ်) နိုပ်ကွပ်ရာတွင် အခြားသူတဦးအား ကူခြင်း၊ (သို့မဟုတ်) နိုပ်ကွပ်သည့် လုပ်ရပ်အား တားဆီးရန် ကျိုးကြောင်းဆီလျော်သည့် လုပ်ဆောင်မှုများ ဆောင်ရွက်ရန်ပျက်ကွက်ခြင်း စသည်တို့သည် ဥပဒေနှင့်မညီချေ။ ထို့ကြောင့် ဤကျောင်းသားကို ဥပဒေအရ၊ ကျောင်းအုပ်ချုပ် ရေးမှုအရ တရားစွဲဆိုနိုင်ပြီး ပြစ်ဒဏ်ငွေ ဒေါ်လာ (၅,၀၀၀)ချမှတ်နိုင်သည်။ ကြီးနိုင်ငယ်ညှင်း ပြုလုပ်မှုများကို ဥပဒေစိုးမိုးရေးဌာနသို့ အစီအရင်ခံမည်ဖြစ်သည်။

**နိုပ်ကွပ်ခြင်း ဥပမာများတွင်**

**၁။** ကြာပွတ်ဖြင့်ရိုက်ခြင်း၊ ရိုက်ခြင်း၊ ကန်ခြင်း၊ သံပူကပ်ခြင်း၊ လျှပ်စစ်ဖြင့်ရှော့တိုက်ခြင်း၊ ခန္ဓာကိုယ်ပေါ်တွင် အန္တရာယ် ဖြစ်စေသည့်အရာတခု တင်ထားခြင်း သို့မဟုတ် အခြားအလားတူ လုပ်ဆောင်မှုများ ကဲ့သို့ ကိုယ်ထိ လက်ရောက်လုပ်သည့် လူမဆန် သောလုပ်ရပ်မျိုး။

**၂။** အိပ်ရေးမဝခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများအား ထိခြင်း၊ အခန်းကျဉ်းလေးထဲတွင် ပိတ်လှောင်ထားခြင်း၊ (သို့မဟုတ်) ကျောင်းသား၏ စိတ်ကျန်းမာရေး၊ ကိုယ်ကျန်းမာရေး၊ ဘေးကင်း လုံခြုံရေး စသည်တို့ကို ဆိုးဆိုးဝါးဝါးဖြစ်စေခြင်းနှင့် ကျိုးကြောင်း ဆီလျော်မှုမရှိ သည့် ဘေးဥပါဒ်ရောက်စေသည့် အခြားလုပ်ဆောင်မှုများ။

**၃။** အစားအစာ၊ အချိုရည်၊ အဖျော်ယမကာ၊ အရက်၊ ဆေးဝါး၊ (သို့မဟုတ်) ကျောင်းသား အတွက် ဘေးဥပါဒ်ဖြစ်စေသော အခြားမူးယစ်ဆေးဝါး သုံးစွဲခြင်း တို့ပါဝင်သည့် လုပ် ဆောင်မှုတခုခု။

**၄။** ကျောင်းသားတယောက်အား ရာဇဝတ်မှုလုပ်ငန်းတခုခု (သို့မဟုတ်) တပါးသူအားနိုပ်ကွပ် သည့် အလုပ်တခုခုတွင် ပါဝင်စေသည့် လုပ်ငန်းတာဝန်တခုအား လုပ်ဆောင်ရန် ဆွဲဆောင် ခြင်းနှင့် တောင်းဆိုလုပ်ခိုင်းသည့် လုပ်ဆောင်မှုတခုခု စသည်တို့ပါဝင်သည်။  ကြီးနိုင်ငယ်ညှင်းနှင့် သက်ဆိုက်သည့် တိုင်တန်းချက်များကို ဤလက်စွဲစာအုပ်တွင် ဖော်ပြထားသည့် ရွေးချယ်ခန့်အပ်ထား သည့်ဝန်ထမ်းများထံ အစီရင်ခံရမည်ဖြစ်သည်။ ဤကျောင်းတာဝန်ရှိ သူများသည် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။

**နှောက်ယှက်မှု** ဆိုသည်မှာ တရားဥပဒေနှင့်မညီသော ခွဲခြားဆက်ဆံမှုပုံစံတခုဖြစ်သည်။ ဤကိစ္စကို ဘာလင် တန်ကျောင်းအုပ်ချုပ်ချုပ်ရေးနယ်မြေက သည်းခံမည်မဟုတ်။ အုပ်ချုပ်ရေး နယ်မြေက နှောက် ယှက်မှုနှင့်ပတ်သက်သည့် တိုင်တန်းချက်အားလုံးကို ချက်ချင်းဖြေရှင်း ရမည်ဖြစ်ပြီး **F29R** ပေါ်လစီနှင့်အညီ  နှောက်ယှက်ခြင်း အပြုအမူ အဆုံးသတ်ရန် ကျိုးကြောင်းညီညွတ်သောခြေလှမ်းများဖြင့် ဆောင်ရွက်ရမည်။

**တားမြစ်ပိတ်ပင်ထားသည့် နှောက်ယှက်မှုများ။**

အင်တာနက်ပေါ်မှ ကြီးနိုင်ငယ်ခြင်းပြုလုပ်ခြင်း (သို့မဟုတ်) အင်တာနက်ပေါ်မှ နှောက် ယှက်မှု၊ အင်တာနက်ပေါ်မှ ကြီးနိုင်ငယ်ခြင်းပြုလုပ်မှု (သို့မဟုတ်) အင်တာနက်ပေါ်မှ နှောက်ယှက်မှုတို့နှင့် သက်ဆိုင်သည့် တိတိကျကျပြဌာန်းထားသည့် နည်းဥပဒေ မရှိပါ။ “နှောက်ယှက်မှု”နှင့် “ကြီးနိုင်ငယ်ညှင်းပြုလုပ်မှု” ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဗားမောင့်နည်း ဥပဒေများကို ကျောင်း သားများ ပညာသင်ကြားနိုင်ခွင့်အရည်အသွေးအပေါ် ထိခိုက်နိုင်သည့် အပြုအမူများမှလွဲ၍ ကျောင်းအပြင်ဖက်နှင့်အင်တာနက်ပေါ်တွင် ဖြစ်နိုင်သည့်အပြုအမူများကို ခြုံငုံထည့်သွင်းထားရန်၊ ၎င်းတို့၏နယ်ပယ်အတိုင်းအတာကို တိုးချဲ့ရန် ပြင်ဆင်ထားသည်။ ဥပမာ၊ အင်တာနက်ပေါ်မှ နှောက်ယှက်မှုဆိုသည်မှာ ဤနေရာတွင် မျဉ်းတားထားသည့်စာများကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

**က။ နှောက်ယှက်မှုဆိုသည်မှာ** အင်တာနက်ပေါ်မှ နှောက်ယှက်မှုအပါအဝင် နှုတ်ဖြင့်၊ စာဖြင့်၊ ရုပ်ပုံဆွဲပြခြင်းဖြင့် (သို့မဟုတ်) ကိုယ်ထိလက်ရောက် ပြုမူသည့် အဖြစ်အပျက်တခု (သို့မဟုတ်) အဖြစ်အပျက်များကို ခေါ်သည်။ ဤသည်တို့မှာ ကျောင်းသား (သို့မဟုတ်) ကျောင်းသား မိသားစုဝင်တယောက်ယောက်၏ စိတ်တွင် အမှန် တကယ် (သို့မဟုတ်) စိတ်တွင်တွေးထင် ထားသည့် လူမျိုး၊ ဘာသာအယူဝါဒ၊ အသားအရောင်၊ မူရင်းနိုင်ငံ နောက်ခံ၊ အိမ်ထောင်ရှိ-မရှိ၊ ကိုယ်လက်အင်္ဂါချို့ယွင်းမှု၊ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှု၊ လိင်ပိုင်းဆိုင်ရာလက္ခဏာ (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ ဖော်ပြချက် စသည်တို့အပေါ် အခြေခံပြီး (သို့မဟုတ်) ၎င်းတို့က တွန်းအားပေးသာကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၎င်းတို့၌ အဓိကအားဖြင့် လူ့ဂုဏ်သိက္ခာ လျော့ပါးနိမ့်ကျစေခြင်း (သို့မဟုတ်) ကျောင်းသား၏ပညာရေးဆောင်ရွက်မှု (သို့မဟုတ်) ကျောင်း ပိုင်ပစ္စည်း သုံးစွဲခြင်းအား ဝင်ရောက် စွက်ဖက်နှောက်ယှက်ခြင်း (သို့မဟုတ်) ခြိမ်းခြောက်ရန်လို သော (သို့မဟုတ်) စိတ်အနှောက်အယှက်ဖြစ်စေသောပတ်ဝန်းကျင် ဖန်တီးခြင်း စသည့် ရည်ရွယ် ချက် (သို့မဟုတ်) သက်ရောက်မှုများ ရှိသည်။

**၁။ လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု။** မလိုလားအပ်သော လိင်ဆက်ဆံရန် ချဉ်းကပ်မှု၊ လိင်ပိုင်းဆိုင်ရာအခွင့်အရေးပေးရန် တောင်းဆိုမှုနှင့် လိင်ပိုင်းဆိုင်ရာသဘာဝဖြစ်သည့် အခြား နှုတ်ဖြင့်ပြောဆိုခြင်း၊ စာဖြင့် ရေးသားပြခြင်း၊ ရုပ်ပုံရေးဆွဲပြခြင်း (သို့မဟုတ်) ကိုယ်ထိလက်ရောက် လုပ်ဆောင် ခြင်းတို့ပါဝင်သည့် အပြုအမူ။

**၂။ လူမျိုးရေးဆိုင်ရာနှောက်ယှက်မှု။** ။ ကျောင်းသား (သို့မဟုတ်) ကျောင်းသားမိသားစုဝင် တယောက်ယောက် ၏စိတ်တွင် အမှန်တကယ် (သို့မဟုတ်) စိတ်တွင်တွေးထင်ထားသည့် လူမျိုး (သို့မဟုတ်) အသားအရောင် ထူးခြားချက်နှင့်တိုက်ရိုက်ပတ်သက်သော အပြုအမူ။ ဤအပြုအမူ များ၌ ဂိုသေသပုဒ်သုံး ပြောဆိုခြင်း၊ သမရိုးကျ ပုံစံပြောဆိုသုံးနှုံးခြင်း၊ လူမျိုးရေးဆိုင်ရာ မဟုတ်မတရားပြောဆိုခြင်း၊ မှတ်ချက်ပေးခြင်း၊ စော်ကားမော်ကားပြောဆို ခြင်း၊ ယုတ်ညံ့သော မှတ်ချက်ချပြောဆိုခြင်း၊ လက်ဟန်ခြေဟန် သုံးပြောဆိုခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်း၊ နံရံတွင် လက်ဆော့ရေးခြစ်ထားသော ပုံ၊ စာ အသုံးပြု ပြောခြင်း၊ ကွန်ပြူတာဖန်သားပြင်ပေါ်တွင် ရုပ်ပုံများ၊ စာများဖြင့်ဖော်ပြပြောဆိုခြင်း၊ (သို့မဟုတ်) စာဖြင့်ဖြစ်စေ၊ ပုံဆွဲ၍ဖြစ်စေ ဖြန့်ဝေခြင်း၊ မခံချင်အောင်ပြောဆိုခြင်း၊ လူမျိုးရေး ဆိုင်ရာဓလေ့ထုံးစံများအား အပျက်သဘော ရည်ညွှန်းပြော ဆိုခြင်း၊ စသည်တို့ပါဝင်သည်။

**၃။ အခြားအကာအကွယ်ပေးထားသည့် နှောက်ယှက်မှုအမျိုးအစားများ။** ။ကျောင်း သား (သို့မဟုတ်) ကျောင်းသား မိသားစုဝင် တယောက်ယောက်၏စိတ်တွင် အမှန်တကယ် (သို့မဟုတ်) စိတ်တွင်တွေးထင်ထားသည့် ဘာသာအယူဂါဒ၊ ကိုးကွယ်မှု၊ မူရင်းနိုင်ငံ နောက်ခံ၊ အိမ်ထောင်ရှိ-မရှိ ၊ကိုယ်လက်အင်္ဂါချို့ယွင်းမှု၊ လိင် ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ လိင်ပိုင်းဆိုင်ရာလက္ခဏာ (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ ဖော်ပြချက်တို့၏ ထူးခြားချက်နှင့်တိုက်ရိုက်ပတ်သက်သော အပြုအမူများ ဖြစ်သည်။ ဤအပြုအမူများ၌ ဂိသေသပုဒ်သုံး ပြောဆိုခြင်း၊ သမရိုးကျပုံစံ ပြောဆိုသုံးနှုံးခြင်း၊ လူမျိုးရေးဆိုင်ရာ မဟုတ်မတရားပြောဆိုခြင်း၊ မှတ်ချက်ပေးခြင်း၊ စော်ကား မော်ကားပြောဆိုခြင်း၊ ယုတ်ညံ့သော မှတ်ချက်ချပြောဆိုခြင်း၊ လက်ဟန်ခြေ ဟန်ဖြင့်ပြောဆိုခြင်း၊ ခြိမ်းခြောက် ပြောဆို ခြင်း၊ နံရံတွင်လက်ဆော့ရေးခြစ်ထားသော ပုံ၊ စာ အသုံးပြုပြော ဆိုခြင်း၊ ကွန်ပြူတာဖန်သား ပြင်ပေါ်တွင် ရုပ်ပုံများ၊ စာများဖြင့်ဖော်ပြပြောဆိုခြင်း၊ (သို့မဟုတ်) စာဖြင့်ဖြစ်စေ၊ ပုံဆွဲ၍ဖြစ်စေ ဖြန့်ဝေပြောဆိုခြင်း၊ စကား ပြောဟန် (သို့မဟုတ်) ဂုတ်စား ဆင်ယင်မှုဖြင့် မခံချင်အောင် လုပ်ဆောင်ခြင်းနှင့် ဤအကာအကွယ် ပေးထားသည့် အမျိုးအစား တခုခုနှင့် သက်ဆိုင်သည့် လူမျိုးရေးဆိုင်ရာဓလေ့ထုံးစံများအား အပျက် သဘော ရည်ညွှန်းပြောဆိုခြင်း၊ စသည်တို့ပါဝင် သည်။

**က။ ဘာသာအယူဂါဒ (သို့မဟုတ်)ကိုးကွယ်ယုံကြည်မှုဆိုင်ရာ နှောက်ယှက်မှု** ဆိုသည်မှာ ကျောင်းသား (သို့မဟုတ်) ကျောင်းသား မိသား စုဝင် တယောက်ယောက်၏ အမှန်တကယ် ရှိသည့် (သို့မဟုတ်) စိတ်တွင်တွေးထင်ထားသည့် ဘာသာအယူဂါဒ (သို့မဟုတ်) ကိုးကွယ်ယုံကြည်မှုဆိုင်ရာ (သို့မဟုတ်) ဂုတ်စား ဆင်ယင်မှုအပါအဝင် အလေ့အထများ အပေါ် အခြေခံသည့် နှောက်ယှက်မှု (သို့မဟုတ်) ၎င်းတို့က တွန်းအားပေးသည့် နှောက် ယှက်မှုကို ခေါ်သည်။

**ခ။ မူရင်းနိုင်ငံနောက်ခံရှိမှုအပေါ် နှောက်ယှက်မှု ဆိုသည်မှာ** ကျောင်းသား (သို့မဟုတ်) ကျောင်းသား မိသား စုဝင် တယောက်ယောက်၏ စိတ်တွင် အမှန်တကယ် (သို့မဟုတ်) စိတ်တွင် တွေးထင်ထားသည့် ဂုတ်စားဆင်ယင်မှု အပါအဝင် မူရင်းနိုင်ငံနောက်ခံ အပေါ် အခြေခံသည့် နှောက်ယှက်မှု (သို့မဟုတ်) ၎င်းတို့က တွန်းအားပေး သည့် နှောက်ယှက် မှုကို ခေါ်သည်။

**ဂ။ အိမ်ထောင်ရှိ၊ မရှိအပေါ် နှောက်ယှက်မှု ဆိုသည်မှာ** ကျောင်းသား (သို့မဟုတ်) ကျောင်းသား မိသားစုဝင် တယောက်ယောက်၏ စိတ်တွင် အမှန်တကယ် (သို့မဟုတ်) စိတ်တွင်တွေး ထင်ထား သည့် အိမ်ထောင်ရှိ၊ မရှိ အခြေအနေနှင့် တိုက်ရိုက်ပတ်သက် သည့် (သို့မဟုတ်) တွန်းအားပေး သည့် လက်မထပ်သည့်မိခင်(သို့မဟုတ်) ဖခင်ဖြစ်ခြင်းအပေါ် အခြေခံသည့် နှောက်ယှက်မှုကို ခေါ်သည်။

**ဃ။ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုနှင့်ပတ်သက်သည့် နှောက်ယှက်မှု ဆိုသည်မှာ** ကျောင်းသား (သို့မဟုတ်) ကျောင်းသား မိသားစုဝင် တယောက်ယောက်၏ အမှန်တကယ် ရှိသည့် (သို့မဟုတ်) စိတ်တွင် တွေးထင်ထားသည့် လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုအပေါ် အခြေခံသည့် နှောက်ယှက်မှု (သို့မဟုတ်) ၎င်းတို့က တွန်းအားပေးသည့် နှောက် ယှက်မှုကို ခေါ်သည်။

**င။ လိင်ပိုင်းဆိုင်ရာပင်ကိုယ်လက္ခဏာနှင့်ပတ်သက်သည့် နှောက်ယှက်မှု ဆိုသည်မှာ** တဦး တယောက်၏ စိတ်တွင် အမှန်တကယ် (သို့မဟုတ်) စိတ်တွင်တွေးထင်ထားသည့် လိင်နှင့် သက် ဆိုင်သည့်ပင်ကိုယ်လက္ခဏာ (သို့မဟုတ်) လိင်နှင့်သက်ဆိုင်သည့် ထူးခြားသည့် လက္ခဏာ၊ ပင်ကိုယ်နှင့်သက်ဆိုင်သည့် တဦးချင်းစီ၏မတူကွဲ ပြားသည့်လိင် (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ ပင်ကိုယ်လက္ခဏာများအပေါ် အခြေခံသည့် နှောက်ယှက်မှုကို ခေါ်သည်။ ထိုအထဲတွင် အမူအကျင့်နှင့်ပုံပန်းသဏ္ဍာန်များ ကန့်သတ်မထားဘဲ (သို့မဟုတ်) မွေးဖွားစဉ်က သတ်မှတ် ထားသည့် တဦးချင်းစီ၏လိင်အမျိုးအမည်နှင့်မပ တ်သက်ဘဲ အားလုံးအကျုံးဝင်သည်။

**စ။ လိင်ပိုင်းဆိုင်ရာဖော်ပြချက်နှင့်ပတ်သက်သည့် နှောက်ယှက်မှုဆိုသည်မှာ** တဦးတယောက် (သို့မဟုတ်) တဦးတယောက်၏ မိသားစုဝင် တယောက်ယောက်၏ စိတ်တွင် အမှန်တကယ် (သို့မဟုတ်) စိတ်တွင်တွေး ထင်ထားသည့် လိင်ပိုင်းဆိုင်ရာဖော် ပြချက်အပေါ် အခြေခံသည့် နှောက်ယှက်မှုကို ခေါ်သည်။ ထိုအထဲတွင် အမူအကျင့်နှင့်ပုံ ပန်းသဏ္ဍာန်များ ကန့်သတ်မထားဘဲ (သို့မဟုတ်) မွေးဖွားစဉ်က သတ်မှတ်ထားသည့် တဦးချင်း စီ၏ လိင်အမျိုးအမည်နှင့်မပတ်သက်ဘဲ အားလုံးအကျုံးဝင်သည်။

**ဆ။ ကိုယ်လက်အင်္ဂါချို့ယွင်းမှုအပေါ် နှောက်ယှက်မှုဆိုသည်မှာ** ကျောင်းသား (သို့မဟုတ်) ကျောင်းသား မိသားစုဝင် တယောက်ယောက်၏ စိတ်တွင် အမှန်တကယ် (သို့မဟုတ်) စိတ်တွင် တွေးထင်ထားသည့် စိတ်(သို့မဟုတ်) ကိုယ်ခန္ဓာဆိုင်ရာ ချို့ယွင်းမှုနှင့် တိုက်ရိုက်သက်ဆိုင်သည့် (သို့မဟုတ်) ၎င်းက တွန်းအား ပေးသည့် ပြောဆို လှုပ်ရှားဟန်၊ သိမြင်တတ်သောစွမ်းရည်၊ အထွေထွေ ပညာရေး ပတ်ဝန်းကျင် ပြင်ပရှိ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို လက်ခံရရှိမှု၊ (သို့မဟုတ်) လူယောက်၏ ကိုယ်လက်အင်္ဂါချို့ယွင်းမှုဆိုင်ရာ အခြား သရုပ်သကန် စသည်တို့အပေါ် အခြေခံသည့် နှောက်ယှက်မှုကို ခေါ်သည်။

**နှောက်ယှက်မှုအား အစီရင်ခံတင်ပြခြင်း။** ကျောင်းအဆောက်အဦးတွင်း၌ လက်မခံနိုင် သည့် အပြုအမူ ဖြစ်ရပ်များ (သို့မဟုတ်) ကျောင်းသားအား နှောက်ယှက်သည့် ဖြစ်ရပ်များကို ကျောင်းဝန်ထမ်းတဦးဦး (သို့မဟုတ်) ခန့်အပ်ထားသည့်ဝန်ထမ်း ၂ဦးထဲမှ တဦးထံသို့ အစီရင်ခံရန် ကျောင်းဝန်ထမ်းမှလွဲ၍ ကျောင်းသားအားလုံး၊ မိဘ/အုပ်ထိန်းသူများ၊ ကျောင်းနှင့်ပတ်သက်သည့် အသိုင်းအဝိုင်းမှ လူများကို တိုက်တွန်းပါသည်။

ကျောင်းဝန်ထမ်းတဦးတယောက်သည် ကျောင်းသားအား နှောက်ယှက်နေခြင်းကို မြင်တွေ့၊ ကြားသိလျှင် (သို့မဟုတ်) စာဖြင့် ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိလျှင်၊ ထိုဝန်ထမ်းသည် ထိုကိစ္စအတွက် ခန့်အပ်ထားသည့် ဝန်ထမ်းထံ အကြောင်းကြားရမည်။ လောလောဆယ်ဆယ် ခန့်အပ်ထားသည့် ဝန်ထမ်းစာရင်းကို ဤလက်စွဲစာအုပ်တွင် ဖော်ပြထားသည်။

ဝန်ထမ်းအဝင်အထွက်ရှိသောကြောင့် ဤလက်စွဲစာအုပ်တွင် အမည်ဖော်ပြထားသော ခန့်အပ်ပြီး ဝန်ထမ်းများ အပြောင်းအလဲရှိနိုင်ပါသည်။ နှစ်တိုင်းနှစ်တိုင်း နှစ်စ၌ ကျောင်းများ/ အဆောက် အဦးများ၌ လက်ရှိခန့်အပ်ထားပြီး ဝန်ထမ်းအမည်များကို တင်ထားမည်ဖြစ်သည်။ မေးမြန်း စုံစမ်းလိုပါက တန်းတူညီမျှမှုဆိုင်ရာ ဒါရိုက်တာ ဟင်နရီ စပ့ါခ်ကို အီးမေး hpsarks@bsdvt.org  (သို့မဟုတ်) ဖုန်း (၈၀၂) ၈၆၅-၄၁၆၈ ဖြင့်ဆက်သွယ်နိုင်ပါသည်။

**စုံစမ်းစစ်ဆေးခြင်း။** အတိုင်မခံရသည့် ခန့်အပ်ပြီး ဝန်ထမ်း (သို့မဟုတ်) တခြားခန့်အပ်ခံပြီး ပုဂ္ဂိုလ်သည် တိုင် တန်းသည့် အကြောင်းကြားစာများကို စတင်စုံစမ်းစစ်ဆေးရမည်။ စုံစမ်းစစ်ဆေးမှု ပြီးသည့်အခါ တိုင်းတန်းသူနှင့် အတိုင်ခံရသူကို အကြောင်းကြား အသိပေး ရမည်။

## အင်တီဂရိတ်တစ်အာ့တ်စ်အခဲဒမ္မ မူလတန်းကျောင်းတွင် သွားကုသရေး

ဘာလင်တန်လူမှုအသိုင်းအဝိုင်းကျန်းမာရေးဌာန (ဘာလန်တန်ကွန်မြူနတီ ဟက်လ်တ်စင်တာ)၏ ကျောင်းအခြေပြုသွားကုသရေးဌာနအစီအစဉ်ကို သွားကျန်းမာရေးပညာပေးဌာန (Dental home) မရှိသည့်ဝင်ငွေနည်းပါးသည့် ဘာလင်တန်နယ်မြေမှ ကျောင်းသားများ အတွက် သွားရောဂါကုသရေးလုပ်ငန်းနှင့် ဆက်သွယ်မှုလွယ်ကူစေရန် တည်ထောင်ထား ခြင်းဖြစ်သည်။ ၂၀၀၄ခုနှစ်၌ ဘာလင်တန်းကျောင်း အုပ်ချုပ်ရေးနယ်မြေနှင့် စတင်ပူးပေါင်း ဆောင်ရွက်ခဲ့ပြီး ကျောင်းသားများသည် ကျောင်း၌ စာရင်းသွင်းနိုင်ပြီဖြစ်သည်။ (သို့မဟုတ်) အင်တီဂရိတ်တက်ဒ်အာ့စ်အခဲဒမီ ကျောင်းနေရာ၏ လက်ျာဘက်ရှိ သွားကု သမှုလုပ်ငန်းဆိုင်ရာ ဘာလင်တန်ကွန်မြူနတီ ဟက်လ်သ်သို့ လွှဲပြောင်း ပေးနိုင်သည်။ ကျောင်းဖွင့်သည့်နေ့တွင် ကျောင်းအခြေပြုသွားကုသရေးဌာနက သွားကုသ စောင့်ရှောက် မှုကို ဆောင်ရွက်ပေးပြီး၊ အိုင်အေအေ (IAA) ၌ ချိန်းဆိုမှုအတွက် ကျောင်းမှအသွားအပြန် သယ်ယူပို့ ဆောင်ရေးကို တာဝန်ယူပေးသည်။ ဝန်ထမ်းကလည်း ခံတွင်းသန့်ရှင်း မှုအလေ့အထနှင့်သက်ဆိုင်သည့် ခံတွင်းကျန်းမာရေးပညာပေးမှု၊ ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများ စားသောက်ခြင်း၏ အရေး ကြီးပုံ၊ ဘဂတသက်တာ ကျန်းမာပျော်ရွှင်စွာနေထိုင်နည်း နှင့်နောက်ထပ် အကြောင်းအရာများကို ဟောပြောပို့ချပေးပါသည်။ သွားအကြောင်းသင်ကြားသည့်ဆရာကလည်း မှတ်ပုံ တင်စာရင်းသွင်းဖောင်ဖြည့်ခြင်းများကို ကူညီပေးခြင်းနှင့် သွားကုသစောက်ရှောက်ရေး ဌာနနှင့် မည်သို့ဆက်သွယ်ရမည်ကို ကျောင်းသားများအား အကူအညီပေးပါသည်။

ကျနော်တို့အနေဖြင့် ဘီအက်စ်ဒီ (BSD) ကျောင်းသားများအတွက် ပုံမှန်ကျောင်းချိန်အတွင်း ဆက်လက်ကုသပေးပါမည်။ အကယ်၍ သင့်ကလေး၌ တနှစ်အတွင်း သွားဆရာဝန်မရှိပါက (သို့မဟုတ်) သွားဆေးခန်း မရှိပါက၊ ကျေးဇူးပြု၍ (၈၀၂) ၆၅၈-၄၈၆၉ သို့ ခေါ်ပါ။ အိုင်အေအေ (IAA) ရှိ သွားကုသရေးဌာနက မက်ဒီကိတ် (Medicaid) ရှိသော (သို့မဟုတ်) ကျန်းမာရေးအာမခံရှိသော သူငယ်တန်းမှ ၁၂တန်ထိ ဘီအက်စ်ဒီ (BSD) ကျောင်းသားတိုင်းအား သွားကုသစောင့်ရှောက်မှု ပေးပါသည်။ မက်ဒီကိတ် မရသူများအတွက် ဘာလင်တန်ကွန်မြူနတီဟဲ့လ်စင်တာ(CHCB) က ဝင်ငွေအပေါ်မူတည်သည့်အစီအစဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးပါသည်။ ထိုဝ င်ငွေပေါ်မူတည်သည့်အစီအစဉ်နှင့်ဆိုင်သည့် သတင်းအချက်အလက်များသိလိုပါက၊ လူနာအထောက်အပံ့ပေးသည့်ဌာန (Patient Support Services)၊ (၈၀၂) ၂၆၄-၈၁၂၄ သို့ ခေါ်ပါ။

- ကျောင်းသား (၇၅၀)နီးပါး (IAA) သို့ လာရောက်စစ်ဆေးကြရာ၊ ကျောင်းသား (၅၈၅)ယောက် ကျော်အား ကုသပေးခဲ့သည်။
- ကလေးသူငယ်များအား အကြိမ်ပေါင်း (၉၉၂) ကြိမ် သွားနှင့်ခံတွင်းသန့်ရှင်းမှုပြုလုပ် ပေးခဲ့ပြီး၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့်အိပ်ကလေးများပေးခဲ့သည်။
- ကျနော်တို့၏ သွားကုသစောင့်ရှောက်မှုအစီအစဉ်သို့ ဘက်စုံသွားစစ်ဆေးမှုအတွက် ကလေးအသစ် (၈၀) ရောက်ရှိလာခဲ့သည်။
- (၅၄၃) ယောက်ပြန်လည်လာက်ရောက် စစ်ဆေးကြသည်။
- ဒစ်ဂျစ်တယ်ပန် (Digital Pan-သွားအောက်ခြေ(သို့မဟုတ်) သွားဘေးပတ်လည်တွင်ဖြစ်ပွားနေသော ဖြစ်နိုင်ခြေပြဿနာများကို ရှာဖွေစစ်ဆေး ရာတွင်အထောက်အကူပေးသည့်ကရိယာ) ဖြင့် ကလေး (၂၅၆)ယောက်ကျော် ကို မြင်ကွင်းကျယ်ရုပ်ရှင်ဖြင့် ရိုက်ကူးထားသည်။
- သွားပေါက်ဖာသည့်ပစ္စည်း (၈၈၁)ခုကျော်နှင့်သွားပေါက်ဖာခြင်း (၄၄၁)ကြိမ် လုပ်ပေးခဲ့သည်။
- ကျောင်းချိန်အတွင်း အရေးပေါ်သွားကုသမှုလိုအပ်သည့် ကလေး (၂၀) ကို ကုသပေးခဲ့သည်။
- အထူးကုသရန်လိုအပ်သည် ကလေး (၄၆) ယောက်ကို အထူးကုသရေးရုံးသို့ လွှဲပြောင်းပေးခဲ့သည်။

# ကာကွယ်ဆေးထိုးခြင်း

Policy F 19 အရ၊ ကာကွယ်ဆေးထိုးပြီးသည့်မှတ်တမ်း(သို့မဟုတ်) သက်သေခံလက်မှတ် မရှိ ဘဲ မည်သူမျှ ဘာလင်တန်ကျောင်းတွင် ကျောင်းသားအနေဖြင့် စာရင်းမသွင်းနိုင်။ဗားမောက်

ပြည်နယ်ဥပဒေက ကျောင်းများသည် ကလေးများ ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေပြ ရန် လိုအပ်သည်။ သက်သေမပြနိုင်လျှင် ကလေးများသည် ကျောင်းတက်ခွင့် မရှိပါ။

## လိုက်နာရန်

- ကာကွယ်ဆေးများ ထိုးပြီးကြောင်း အထောက်အထားကို ကျောင်းသားများ၏ ကျောင်းသူနာပြု ထံသို့ တင်ပြပါ။
- သင်၏ကျောင်းသားသည် လိုအပ်သည့် ကာကွယ်ဆေးထိုးရန် မမီလျှင်၊ လွဲသွားလျှင် ၎င်းတို့အား ကျန်းမာရေးဝန်ဆောင်မှုပေးသူနှင့် ကာ ကွယ်ဆေး ထိုးရန် ချိန်းဆိုပြီး၊ ထိုးပြီးပါက မှန်ကန်ကျောင်း အတည်ပြုရန် ကျောင်းသူနာပြုဆရာနှင့်ဆက်သွယ်ပါ။

## ထိုးရန် လိုအပ်သည့် ကာကွယ်ဆေးများမှာ

ဆုံဆို့နာ၊ မေးခိုင်၊ ရက် ၁ဂဂ ချောင်းဆိုးရောဂါ၊ အရိုးပျော့ရောဂါ၊ ဂက်သက်၊ ပချိတ်ရောင်မော်နာ၊ ဂျာမန်ဂက်သက် (၃ရက်ဂက်သက်)၊ အသဲ ရောင်ရောဂါ (Bပိုး)၊ နှင့် ရေကျောက် တို့ ဖြစ်သည်။ ကာကွယ်ဆေးထိုးပြီးကြောင်း အထောက်အထားကို

- ဘာလင်တန်ကျောင်းများသို့ လွှဲပြောင်းပေးသည့်အချိန်၌ ပေးရ မည်။
- သူငယ်တန်း၌ ပေးရမည်။
- ၇ တန်း (မေးခိုင်၊ ဆုံဆို့နာနှင့် ရက် ၁ဂဂ ချောင်း၊ TdaP booster ဆေးရှိန်မပျက်အောင်ဆက်ပေးသည့်ဆေး) ၌ ပေးရမည်။
- ကျန်းမာရေးချွတ်တက်မှု၊အဖျားတက်သည်ဖြစ်စေ၊ ဝမ်းသွားခြင်းနှင့် အန်ခြင်းများ ဖြစ်လာပါက ၂၄ နာရီ နောက်ပိုင်းမှကျောင်းလို့ရသည်။

## ခေါင်းသန်း

မိဘများ/အုပ်ထိမ်းသူများသည် ၎င်းတို့ကလေးများ၏ ခေါင်းကို တပတ်တကြိမ် အထူးသဖြင့် ကာကွယ်ဆေးထိုးပြီးနောက် ကျောင်းသို့ပြန်မသွားမီတွင် စစ်ဆေးကြည့်ရှုသင့်သည်။ ဤသို့လုပ်ဆောင်ရန် အကောင်းဆုံးနည်းလမ်းမှာ သင့်ကလေး၏ စွတ်စိုနေသည့်ဆံပင်ကို သတ္တု သန်းချဘီးဖြင့် မွှေနှောက် ဖီးသင် ပေးခြင်း ဖြစ်သည်။ သန်းတွေ့လျှင် သင်၏ ကျောင်းသူနာပြု (သို့မဟုတ်) ကျန်းမာရေးကုသစောင့်ရှောက်သူ က ထိုသန်းများကို ဖယ်ရှားရန် အကြံကောင်းပေးနိုင်သည်။ သင့်ကလေးခေါင်း၌ သန်းရှိကြောင်းကို ကျောင်း၌တွေ့လျှင် သင့်ထံသို့ အကြောင်းကြား ရမည်။ ထိုအခါ သင့်ကလေး ကျောင်းပြန်မတက်မီ သန်းများကို မဖြစ်မနေ ဖယ်ရှားပစ်ရပါမည်။

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေသည် ဗားမောင့် ကျန်း မာရေးဌာနနှင့် ရောဂါထိန်းချုပ်ရေးစင်တာ ၏ လမ်းညွှန်ချက်များကို လိုက်နာရသည်။ နောက်ထပ်အချက်အလက်များ သိလိုပါက အောက် ပါဂက်ဘ်ဆိုဒ်တွင် ဂင်ရောက်ကြည့်ရှုနိုင်ပါသည်။ **https://identify.us.com/idmybug/head-lice/head-lice-FAQS/index.html**

**နောက်ဆက်တွဲကိစ္စ။** တဦးယောက်သည် လက်မခံနိုင်သည့်အပြုအမူ (သို့မဟုတ်) နောက်ယှက်ခြင်း တွင် ပါဂင်ပတ်သက်ကို တွေ့ရှိရလျှင် သူ/သူမ သည် ပညာပေးခြင်း၊ သင်တန်းတက်ခြင်း၊ စည်းကမ်းအရအရေးယူခြင်း (ရာထူးချခြင်း၊ အလုပ်မှထုတ်ပစ်ခြင်း (သို့မဟုတ်) အလုပ်မှ ရပ်စဲခြင်းအထိ ပါဂင်သည်)၊ ကျောင်းပစ္စည်းများ သုံးစွဲခြင်းမှ တားမြစ်ပိတ်ပင်ခြင်း (သို့မဟုတ်) ပြစ်မှုနှင့်ဆီလျော်သည့် အခြားနောက်ဆက်တွဲအရေးယူ မှုများနှင့် နောက်နောင် နောက်ယှက်မှု မဖြစ်ရေး တားဆီး ကာကွယ်ရန် စီစဉ် ရေးဆွဲထား သည့် အခြားနောက်ဆက်တွဲ အခြေအနေများနှင့် ရင်ဆိုင်ရမည်။

**လွတ်လပ်သည့်ပြန်လည်သုံးသပ်မှု။** တိုင်တန်းသူသည် (၁) စွပ်စွဲထားသောအမှုသည် နောက်ယှက်မှု မဖြစ်နိုင်ဟု ကျောင်းက ယုံကြည်သောကြောင့် တိုင်းတန်းမှုကို ကျောင်းက မှန်မှန်ကန်ကန် မသုံးသပ်ဘဲ၊ ဤ ကိစ္စကို စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခဲ့သည်။ ဟု ယုံကြည်လျှင်။

(၂) နောက်ယှက်မှု ဖြစ်ပွားခြင်း ဟုတ်မဟုတ် စုံစမ်းစစ်ဆေးပြီးနောက် ချမှတ်သည့် အပြီးသတ်ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်။ (သို့မဟုတ်) (၃) အပြီးသတ်ဆုံးဖြတ်ချက် ချပြီးသော်လည်း၊ ဖြစ်ပွားသည့် နောက်ယှက်မှု အပေါ် ကျောင်း၏တုန့်ပြန်မှု သည် ပြဿနာကို အမှန်ပြင်ပေးရန် လုံလောက်မှုမရှိ ဟု ယုံကြည်လျှင်၊ ပေါ်လစီနှင့်အညီ ကြားလူက လွတ်လပ်သည့် ပြန်လည်သုံးသပ်မှုကို လုပ်ဆောင်ရမည်။

**လက်တုံ့ပြန်ခြင်း။** နောက်ယှက်မှုတိုင်းတန်းချက်ကို တိုင်ချက်ဖွင့်ထားသူ (သို့မဟုတ်) တိုင်ချက်ဖွင့်ရာတွင် ပူးပေါင်းဆောင်ရွက်သူ (သို့မဟုတ်) တိုင်ချက်စုံစမ်းစစ်ဆေးမှုကို ပူးပေါင်း

ဆောင်ရွက်သူ မည်သူ့ကိုမဆို လက်တုံ့ပြန်ခြင်းအား တင်းကျပ်စွာ တားမြစ်ထားသည်။ ဤသည်မှာ ပုဒ်မ 9V.S.A.4503(a) အရဥပဒေနှင့်ဆန့်ကျင်သည်။

**လူပုဂ္ဂိုလ်တယောက်၏အတွင်းရေး။** စုံစမ်းစစ်ဆေးရန်လိုအပ်မှု၊ တစုံတရာ ရလဒ်အပေါ် ဆောင် ရွက်ရန် တာဂန်ရှိမှု၊ အများဆိုင်ရာမှတ်တမ်းတောင်းဆိုကြည့်ရှုခွင့်နှင့် မိသားစုပညာရေး အခွင့်အရေးဆိုင်ရာလူမြို့မှု အက်ဥပဒေတို့နှင့်အညီ တိုင်းတန်းချက်များနှင့် နောက်ဆက်တွဲ အကျိုးဆက် ဖြစ်ရပ်များကို လျှို့ဂှက်ထားပါမည်။

**အခြားရွေးချယ်စရာ တိုင်တန်းမှုဖြစ်စဉ်။** ။နောက်ယှက်မှုနှင့်ဆိုင်သည့်တိုင်တန်းချက်ကို ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ ပြည်သူ့အခွင့် အရေးရုံး၊ အမေရိကန် ပြည်ထောင်စု ပညာရေးဌာန – Regional Director, Office for Civil Rights, U.S. Department of Education; 8th floor, 5 Post Office Square, Boston, MA 02109-3921; အီးမေး: OCR.Boston@ed.gov; (ဖုန်း) (၆၁၇) ၂၈၉-ဝ၁၁၁ (သို့မဟုတ်) (၈၇၇) ၅၂၁-၂၁၇၂ (TDD); (သို့မဟုတ်) ဗားမောင့်လူ့အခွင့်အရေးကော်မရှင် – Vermont Human Rights Commission, 14–16 Baldwin St., Montpelier, VT 05633-6301, အီးမေး: human.rights@state.vt.us, (၈ဝဝ) ၄၁၆-၂ဝ၁ဝ (အသံ) (သို့မဟုတ်) (၈၇၇) ၂၉၄-၉၂ဝဝ (TTY) သို့ တိုင်ချက်ဖွင့်နိုင်သည်။

## ကလေးများရှာဖွေခြင်း

ဖယ်ဒရယ်ဗဟိုအစိုးရ၏စည်းမျဉ်းနှင့်အညီ ဘာလင်တန် ကျောင်းအုပ်ချုပ်ရေးနယ်မြေသည် ကျောင်းသားပညာရေးဂန်ဆောင်မှု နှင့် သက်ဆိုင်ရာအခြားလိုအပ်သည့် ဂန်ဆောင်မှုများပေး ရန် လိုအပ်နေ သည့် မွေးကင်းစအရွယ်မှ အသက် ၂၁နှစ်ထိ ကလေးသူငယ်များကို ရှာဖွေဖော် ထုတ်ပြီး အကဲဖြတ် မှုများပေးလုပ်ဆောင်ပေးသည်။

အကယ်၍ မွေးကင်းစမှ ၅နှစ်အတွင်းရှိ သင်၏ကလေးသည် တစုံတခု ချို့ယွင်းနေသည်ဟု သံသယရှိလျှင် မူကြိုပညာရေးအစီအစဉ်(ဖုန်း- ၈၆၄-၈၄၆၃) သို့ ဖုန်းခေါ်ပါ။ ၅နှစ်မှ ၂၁နှစ်အတွင်း ဆိုလျှင် ကျောင်းသားအထောက်အကူဂန်ဆောင်မှုရုံး (ဖုန်း- ၈၆၄-၈၄၅၆) သို့ခေါ်ပါ။

## ကျင့်ဂတ်

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေရှိ ကျောင်းသားအားလုံးသည် ကျောင်းဘတ်စ် ကားပေါ်တွင်ဖြစ်စေ၊ ကျောင်းအတွက်ဂန်ဆောင်မှုပေးနေသော အများပြည်သူသုံး ဘတ်စ် ကားပေါ်တွင်ဖြစ်စေ၊ ကျောင်းတက်ချိန်နှင့် ကျောင်းနှင့်ပတ်သက်သည့်လှုပ်ရှားမှုများ လုပ်နေ သည့် အချိန်ကာလအတွင်း ဖြစ်စေ ကျင့်ဂတ်နှင့်အပြုအမူဆိုင်ရာ ကျိုးကြောင်းဆီလျော်သည့် မျှော်မှန်းချက်များကို လိုက်နာဖို့ လိုအပ်သည်။ ဘာလင်တန် ကျောင်းအုပ်ချုပ်ရေးနယ်မြေရှိ ဂန်ထမ်းများသည် ဤကဲ့သို့အပြုအမူများ ထွန်းကားစေသည့် ပတ်ဂန်းကျင်မျိုး တည်ဆောက်ထိန်းသိမ်း စောင့်ရှောက်ရန် တာဂန်ရှိသည်။ မိဘ၊အုပ်ထိန်းသူများ၊ ဂန်ထမ်းများနှင့် ဘာလင်တန်ကျောင်း အုပ်ချုပ်ရေးအဖွဲ့သည် ခရိုင်အုပ်ချုပ်ရေးနယ်မြေအတွင်း ရှိလူတိုင်းလူတိုင်းအကြား အကောင်းဖက်သို့ ဦးတည်သည့် အပြုအမူများ မြင့်မားရေးအတွက် တာဂန်ကိုယ်စီ ရှိပါသည်။ သို့သော် အဓိကမှာ ကျောင်းသားနှင့် ၎င်းတို့၏ မိဘ၊အုပ်ထိန်းသူများများသာ ဖြစ်သည်။ ၎င်းတို့၏ ကလေးများ၏အပြုအမူမှာ စိုးရိမ်စရာ (သို့မဟုတ်) ဘေးအန္တရာယ်မလုံမခြုံ ဖြစ်နေပါက မိဘ၊ အုပ်ထိန်းသူများကို အကြောင်းကြားရမည်။

## အားသစ်လောင်းပေးသော အလေ့အကျင့်

အားသစ်လောင်းပေးသော အလေ့အကျင့်များသည် ဆက်ဆံရေးတည်ဆောက်ရန်နှင့် ဆက်ဆံရေး ပြန်လည်တည်ဆောက်ရန်တို့အတွက် ညီမျှမှုနှင့်ပါဂင်မှုတို့ကို ဖန်တီးပေးပြီး ပြန်လည်သင့်မြတ် မှုနှင့်သင်ခန်းစာယူမှုတို့ဖြစ်စေသည့် အခြေခံဖြစ်သည်။ ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ် မြေသည် ဘာလင်တန်လူမှုဂန်းကျင်နှင့် ပူပေါင်းပြီး အားသစ်လောင်းပေးသော အလေ့အကျင့် များကိုလုပ်ဆောင်သည်။ နာကျဉ်ထိခိုက်ခံခဲ့ရသူများအားလုံးပါဂင်ပြီး သူတို့၏လိုအပ်မှုနှင့် အတွေ့ အကြုံများကိုအသိအမှတ်ပြုပြီး လိုအပ်သည်များကို လုပ်ဆောင်ပေးခြင်းဖြင့် အားလုံး အတွက် အထောက်အကူသည့် အားမာန်အသစ် ဖြစ်စေပါသည်။

**စည်းကမ်း။** ။ ၎င်းတို့၏အပြုအမူများအတွက် တာဂန်ရှိမှုကို လက်ခံစေရန်နှင့် ကျောင်းသားများအား သင်ကြားပေးရန် သင့်လျော်သည့်ကျင့်ဂတ်ဆိုင်ရာအစီအမံများကို ရေးဆွဲထားသည်။ ပြန်လည်ထိန်းသိမ်းထူထောင်မှု လုပ်ငန်းများဖြင့် မသင့်လျော်သည့်ကျင့်ဂတ်များကို ဖြေရှင်းရမည်ဖြစ်ပြီး၊ ကျောင်းသားများသည် ၎င်းတို့၏အပြုအမူများအတွက် တာဂန်ခံရမည်။ ဥပဒေအရလိုအပ်သောအတိုင်းအတာအထိ စည်းကမ်းထိမ်းသိမ်းခံရမည့်ကျောင်းသား၏အခွင့်အရေး လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ထားသည့် နောက်ဆက်တွဲလုပ်ငန်းများကို လုပ်ဆောင်ရမည်။

**ကျောင်းတက်ခွင့်ယာယီပိတ်ပင်ခြင်း၊ ရေရှည်ပိတ်ပင်ခြင်း၊ ကျောင်းထုတ်ပစ်ခြင်း။** ကျောင်းစည်းကမ်းများနှင့်ကျောင်းဘုဒ်အဖွဲ့မူဂါဒများ ချိုးဖောက်ခြင်း (သို့မဟုတ်) အခြား လက်မခံနိုင်သည့် အပြုအမူများကို ကျောင်းပရိဂုဏ်အတွင်း (သို့မဟုတ်) ပြင်ပ လုပ်ဆောင်မှုများအတွက် ကျောင်းသားများကို ကျောင်းတက်ခွင့် ယာယီပိတ်ပင်ထားခြင်း (သို့မဟုတ်) ကျောင်းထုတ် ပစ်ခြင်းတို့ လုပ်ဆောင်နိုင်သည်။ ၁ဂ ရက်ထက် ကျော်လွန်ပြီး ကျောင်း တက်ခွင့်ပိတ် ပင်ခြင်းနှင့် ကျောင်းထုတ်ပစ်ခြင်းကို ကျောင်းကြီးကြပ်ရေးမှူး၏ ထောက်ခံချက်နှင့် ကျောင်းဘုဒ်အဖွဲ့၏ ကြားနာစစ်ဆေးမှုဖြင့်သာ လုပ်ဆောင် နိုင်သည်။ ကျောင်းဘုဒ်အဖွဲ့သည် ကျောင်းသားတယောက်ကို လက်ရှိစာသင်နှစ် ကုန်ဆုံးချိန်ထိ (သို့မဟုတ်) ကျောင်းတက်ရက် ရက်ပေါင်း ၉ဂ ( ထို့ထက်လည်းကြာနိုင်) အထိ ထုတ်ပစ်ထား နိုင်သည်။

**ရိုက်နှက်ပြစ်ဒဏ်ပေးခြင်း။**

။စည်းကမ်းလိုက်နာစေရေးအတွက် ရည်ရွယ်ချက်ရှိရှိ ခန္ဓာကိုယ်နာကျင်စေရန် ဒဏ်ပေးခြင်း စသည့် ရိုက်နှက် ပြစ်ဒဏ်ပေးခြင်းကို ပြတ်ပြတ် သားသား တားမြစ်ထားသည်။ ကျောင်းသား၊ အခြားကျောင်းသားများနှင့် ကျောင်းပစ္စည်းများအား ကာကွယ်စောင့်ရှောက်ရန် (သို့မဟုတ်) ထိန်းချုပ်ရန်နှင့် အနှောက်ယှက်ပေးမှုများကို ရပ်တန့်စေရန်အတွက် လိုအပ်သည့် အချိန်တွင် အကျိုးအကြောင်းဆီလျော်မှုရှိသည့် လိုအပ်သည့်အင်အား အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်ခြင်း မရှိပါ။ အချို့ကိစ္စများတွင် ကျောင်းသားများအား ၎င်းတို့နှင့်ဆိုင်သည့် ကျောင်းအဆောက်အဦးများမှ သီးခြားခွဲထားနိုင်သည်၊ သို့သော် ပညာရေးနှင့်ကင်းကွာစေရန် သီးခြားခွဲထားခြင်းမျိုး ဘယ်သောအခါမှ မလုပ်ရပါ။

## မူးယစ်ဆေးဝါး၊ အရက်သေစာ

ဗားမောင့်ပြည်နယ်ဥပဒေ Title 16, Section 1165, 909 အရ ဘာလင်တန်ကျောင်းများ တွင် မူလတန်းမှ ၁၂တန်းအထိ ကျောင်းသားများအတွက် မူးယစ်ဆေးဝါးနှင့်အရက်သေစာ သုံးစွဲမှုအား တားမြစ်သည့် ပြည်စုံသည့် သင်ရိုးတခုရှိသည်။ ထို့အပြင် ဆရာလေ့ကျင့်ရေးအစီအစဉ်၊ အထောက်အကူနှင့် လွှဲပြောင်းရေးစနစ်များ၊ အတည်ပြုထားသည့် ကုသ ရေးအေဂျင်စီများနှင့် ဖက်စပ်လွှဲပြောင်းရေးသဘောတူညီချက်၊ အတည်ပြုထားသည့် ကျောင်းဘုဒ်အဖွဲ့မူဂါဒနှင့် ကျောင်းအုပ်ချုပ်ရေးနယ်မြေတခုလုံး ဤကိစ္စကို သဘောပေါက် သိရှိနားလည်မှုများ ရှိကြသည်။

ကျောင်းသားများသည် မူးယစ်ဆေးဝါး အသုံးပြုခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ ဖြန့်ဖြူးခြင်း (သို့မဟုတ်) ဆေးစွဲခြင်းနှင့် ဆိုင်သည့် ဘုဒ်အဖွဲ့စည်းမျဉ်းများကို ချိုးဖောက်လျှင် ကျောင်းအရာ ရှိများသည် အောက်ပါ အရေးယူမှုများထဲမှ တခု (သို့မဟုတ်) တခုထက်ပိုပြီး အရေးယူ ဆောင် ရွက်နိုင်သည်။

- ကျောင်းသားကို စာသင်ခန်းထဲမှ ဖယ်ပစ်ခြင်း။
- မိဘနှင့် ခေါ်ယူတွေ့ဆုံခြင်း။
- မိဘ၊ အုပ်ထိန်းသူများနှင့်အပြုအမူနှင့်ဆိုင်သည့်အစီအစဉ်ရေးဆွဲခြင်း၊ စာချုပ် ချုပ်ဆိုခြင်း။
- အခြားကျောင်းအုပ်ချုပ်ရေးနယ်မြေသို့လွှဲပြောင်းပေးခြင်း။
- ပြင်ပအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးခြင်း။ တရားမဝင် ပစ္စည်း ရောင်းချခြင်းကို အဆိုးဂါးဆုံးပြစ်မှုဟု ယူဆရမည်ဖြစ်ပြီး သင့်လျော် သည့် ဥပဒေအာဏာပိုင်အဖွဲ့အစည်းတခုခုသို့ လွှဲပြောင်းပေးရမည်။
- ရေရှည် (သို့မဟုတ်) ရေတို ကျောင်းတက်ခွင့်ပိတ်ပင်ထားခြင်း။
- ကျောင်းထုတ်ပစ်ခြင်း

ဆေးရွက်ကြီး

ကျောင်းဝင်းအတွင်း မည်သည့်ပုံစံဖြင့်မဆို ဆေးရွက်ကြီးသုံးစွဲခြင်း(စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးရွက်ငုံခြင်း၊ အီလက်ထရောနစ်စီးကရက်သောက်ခြင်း (သို့မဟုတ်) တခြားတခုခု အပါအဝင်)ကို ဥပဒေဖြင့် တားမြစ်ထားသည်။ အီလက်ထရောနစ်စီးကရက်သောက်ခြင်းနှင့်အခြားအလားတူပုံစံများကို စီးကရက်၊ဆေးရွက်ကြီး ထုတ်ကုန်အဖြစ် သတ်မှတ်ထားပါသဖြင့်၊ ၎င်းတို့ကိုလည်း တားမြစ်ထားပါသည်။

## ပညာရေးထောက်ကူပြုစနစ်

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေ၊ ပညာရေးထောက်ကူပြုစနစ်၏ ရည်မှန်းချက် ပန်းတိုင်မှာ ကျောင်းသားများအား ကျောင်းတွင် ပညာသင်ကြားနိုင်ရေးနှင့် အထွေထွေပညာရေး ပတ်ဝန်းကျင်တွင် ကြုံတွေ့ရသော စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရန်အတွက် လိုအပ်သည့် အကူအညီများ ပေးရေး ဖြစ်သည်။ မိမိတို့ကျောင်းအုပ်ချုပ်ရေးနယ်မြေအတွင်းရှိ ကျောင်းတိုင်း ကျောင်းတိုင်းသည် ပညာရေး ထောက်ကူပြု အသင်းကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေသည်။ ဤအသင်းက ပညာရေးနှင့် အပြောအဆိုအပြုအမူပိုင်း၌ စိုးရိမ်ရသည့် ကျောင်းသား များ လွှဲပြောင်းပေးရေးကို လက်ခံဆောင်ရွက်သည်။ ဤသည်က စာသင်ခန်းအတွင်း (သို့မဟုတ်) စနစ်တကျမရှိသေးသည့် ကျောင်းလှုပ်ရှားမှုများ ကာလအတွင်း နောက်ထပ် အထောက်အကူ လိုအပ်နေသည့် ကျောင်းသားများ အတွက် စီစဉ် လုပ်ဆောင်ရာ၌ ဆရာများကို အကူအညီပေးသည်။ ဤအသင်းက ၎င်းတို့၏ အလုပ်ထဲမှ အချက်အလက်များကို စုဆောင်းကြသည်။ ထိုလုပ်ငန်းကို ပညာရေး ထောက်ကူပြုစနစ်၏ တခုလုံးဆိုင်ရာစွမ်းရည်တည်ဆောက်ရေးတွင် ကျောင်း၏လက်တွေ့အကောင်အထည်ဖော်ရေး အစီအစဉ်က ထည့်တွက် စဉ်းစားထားသည်။ သင့်အနေဖြင့် ပညာရေးထောက် ကူပြုစနစ်အကြောင်း ပိုမို သိရှိလိုလျှင် သင်၏ ကျောင်းအုပ် (သို့မဟုတ်) လမ်းညွှန်ဆွေးနွေးသူ နှင့်ဆက်သွယ်ပါ။

## မိမိကိုယ်ပိုင် ကွန်ပြူတာ၊နက်ဝ်ဝေါ့ခ်နှင့် အင်တာနက်အသုံးပြုမှု

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေအနေဖြင့် သတင်းနှင့်နည်းပညာသည်ကျောင်းသား များ၏ သင်ကြားလေ့လာရေး အတွက်အထောက်အကူဖြစ်သည်ကိုသိရှိပြီး ဝန်ထမ်းနှင့်ကျောင်း သား များအနေဖြင့် အီလက်ထရွန်းနစ်အရင်းအမြစ်များရသူကိုထောက်ခံပါသည်။ ဤပေါ်လစီ၏ ရည်ရွယ်ချက်မှာ-

၁။ သတင်းနှင့်နည်းပညာကိုအသုံးပြုရာတွင် သင်ရိုးညွှန်းတန်းကိုအထောက်အကူဖြစ်စေရန်၊ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများရှိလာစေရန်နှင့် ဝန်ထမ်းများအတတ်ပညာဆိုင်ရာ တိုးတက်လာစေရန်အတွက်ဖြစ်သည်။

၂။ ကျောင်းအုပ်ချုပ်ရေးနယ်မြေအနေဖြင့် ကျောင်း၏ သတင်းနှင့်နည်းပညာဆိုင်ရာ စက်ပစ္စည်းများ၊ နက်ဝ်ဝေါ့ခ်နှင့် အင်တာနက် အရင်းအမြစ်များကိုအသုံးပြုတဲ့အခါ ဝန်ထမ်းများ၏လုံခြုံရေးအတွက် လိုအပ်သည်များကို လုပ်ဆောင်သည်။

၃။ ကျောင်းအုပ်ချုပ်ရေးနယ်မြေမှ အင်တာနက်နှင့်တခြားအီလက်ထရွန်းနစ်အသုံးပြုရာတွင် ဗဟိုနှင့်ပြည်နယ်အစိုးရမှချမှတ်ထားသည့်စည်းမျဉ်းများလိုက်နာစေရန်ဖြစ်သည်။

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေသည် ကျောင်းသားနှင့်ဝန်ထမ်းများကို အင်တာနက် အပါအဝင် သတင်းနှင့်နည်းပညာအရင်းအမြစ်များရရှိစေရန်လုပ်ဆောင်ပေး သည်။ ဤအရင်း အမြစ်များသည် ကျွန်တော်တို့၏ဝန်းကျင်အတွင်းသာမက တကမ္ဘာလုံးနဲ့ ပါ လေ့လာ သင်ကြားရေးနှင့်ဆက်သွယ်မှုများတိုးတက်စေသည်။ သို့ ပေမဲ့ ဤကဲ့သို့အထူး အခွင့် အရေးများနှင့်တပါတည်း ကျောင်းသားများ၊ ဆရာများ၊ ဝန်းထမ်းများနှင့်အများပြည်သူအားလုံး ဤအရင်းအမြစ်များကိုအသုံးပြုရာတွင်တာဝန်လည်း ရှိသည်။ ကျောင်းသားများ၊ ဝန်ထမ်းနှင့် အခြားသူများအနေဖြင့် ကျောင်း၏ သတင်းနှင့်နည်းပညာအရင်း အမြစ်သုံးပြုခွင့်ရခြင်းသည် အခွင့်ထူးဖြစ်သည်၊ အခွင့်အရေးမဟုတ်ပါ။

ကျောင်းသားများအနေဖြင့် သတင်းနှင့်နည်းပညာအသုံးပြုရာတွင်လိုက်နာသည့် စည်းမျဉ်း အတိုင်း ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ အနှောက်ယှက်ပေးမှု၊ အနိုကျင့်မှု လုပ်ထုံးလုပ်နည်း များအပါအဝင် ကျင့်ဝတ်နှင့်ဆက်သွယ်ရေးတို့တွင်လည်းဤစည်းမျဉ်းများ အကြုံးဝင်သည်။

ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ ကွန်ပြူတာနှင့်နက်တ်ဝေါ့ခ်

## ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေအတွင်း မတူကွဲပြားမှု နှင့် တန်းတူညီမျှမှု အပေါ် အာမခံမှု

ကျနော်တို့ကျောင်းသားများအကြား မတူကွဲပြားမှုသည် ဘာလင်တန်လူမှုအသိုင်း အဝိုင်းအတွက် တန်ဘိုးတခုဖြစ်သည်။ ကျောင်းသားများနှင့်ဝန်ထမ်းများအားလုံးသည် မတူကွဲပြားမှုများကို တန်ဘိုးထားဂုဏ်ယူပြီး ဘေးကင်းလုံခြုံသော၊ အားလုံးပါဝင်သည့် ကျောင်းနှင့်အလုပ်ခွင်ပတ်ဝန်းကျင်နှင့် ထိုက်တန်သည်၊ ဤသည်မှာ ဘာလင်တန်ကျောင်းအုပ်ချုပ် ရေးနယ်မြေ၏ ယုံကြည်မှုဖြစ်သည်။ ထို့ပြင် ကျောင်းသားတိုင်းသည် အမြင့်မားဆုံးနှင့်အကြီးကျယ်ဆုံးပန်းတိုင်ထိသင်ယူလေ့လာရန် ကြိုးစားအားထုတ်ခွင့်ရှိသည်။ ဟုလည်း ကျောင်းအုပ်ချုပ်ရေးက ယုံကြည်သည်။

လူမျိုး၊ တိုင်းရင်းသား၊ သို့မဟုတ်၊ မိသားစုလူမှုစီးပွားအခြေအနေ အဆင့်အတန်း (သို့မဟုတ်) ကျောင်းသားတယောက်၏ ပညာအရည်အချင်းအပေါ် အဟန့်အတားဖြစ်စေနိုင်သည့် အခြားသိမြင်ထားသည့်မညီမျှမှုများ အပေါ်အခြေခံသည့် ကျောင်းသားများ၏ ရလဒ်များတွင်

ဖြစ်ထွန်းမှုကွာဟချက်များ နည်းပါးလာစေရန် ကျောင်းအုပ်ချုပ်ရေးကိုယ်တိုင် အာမခံ ထားသည်။

ဘာလင်တန်ကျောင်းဘုတ်အဖွဲ့ ကော်မစ်ရှင်နာသည် သူ၏တန်းတူညီမျှမှုနှင့်အားလုံးပါဝင်ရေး တောင်းဆိုမှုကိုအသစ်သက်တမ်းတိုးခဲ့(မတ်လ၊၂၀၁၇)ပြီး ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ တန်းတူညီမျှမှုနှင့်အားလုံးပါဝင်ရေး စီမံကိန်း ပြန်လည်ပြင်ဆင်ရေးလိုအပ်မှုကို ရွေးချယ်ထုတ်ဖော်ထားသည့် ၂၀၁၇ မဟာဗျူဟာစီမံကိန်းကိုထောက်ခံခဲ့သည်။ ကျောင်းကြီးကြပ်ရေးမှူး၏ ဦးဆောင်မှုအောက်တွင် အသစ်ဖွဲ့စည်းထားသည့် မတူကွဲပြားမှု၊ တန်းတူညီမျှမှု၊ ဆက်သွယ်နိုင်မှု၊ ခေါင်းဆောင်မှုအဖွဲ့ (DEALT) က တန်းတူညီမျှမှုကို ၎င်းတို့၏ ထိပ်တန်းဦးစားပေးအဖြစ်ရွေးချယ်ခဲ့သည်။ ဒဲ့လ်ထ် (DEALT) က မိသားစုများနှင့် ရပ်ကွက် လူမှုအသိုင်းအဝိုင်းကြား ပွင့်လင်းမြင်သာသည့် ဆက်ဆံရေးရှိလာစေရန် အားပေးကူညီ နေပါသကဲ့သို့၊ ကျနော်တို့၏ မတူကွဲပြားမှု နောက်ခံရှိသည့် ကျောင်းသားထုကို အမြင့်ဆုံးအရည် အသွေးရှိသည့် ပညာရေးများဖြင့် ဖြည့်ဆည်း ပေးနိုင်စေရန် ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ ကဏ္ဍအသီးသီးတွင် တန်းတူညီမျှမှုကို ပေါင်းစပ် ထည့်သွင်းရေးကို အာမခံပြီး တာဝန်ယူလုပ်ဆောင်နေပါသည်။

### ဘာသာစကားမျိုးစုံဆက်သွယ်ရေးအစီအစဉ်

ဘာသာစကားမျိုးစုံဆက်သွယ်ရေးအစီအစဉ်သည် ဘာသာစကားမျိုးစုံပြောသာ ကျောင်းသား များနှင့် မိဘများအား အကူအညီပေးသည့် ဘာလင်တန်းကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ တမူထူးခြားသော လုပ်ဆောင်ချက်ဖြစ်သည်။ ဤအစီအစဉ်တွင် အချိန်ပြည့်နှင့်အချိန်ပိုင်း လုပ်ကိုင်သော ဝန်ထမ်း (၁၁) ဦးရှိပါသည်။ ၄င်းတို့သည် မိသားစုများနှင့်လူမှုအသိုင်းအဝိုင်း အား ကျောင်းနှင့်ဆက်သွယ်ပေးပြီး မူရင်း ဘာသာစကား (၁၀) မျိုးပြောကြားသောကျောင်းသား များအား အထောက်အကူပေးသည်။

ပြာဖက်စာမျက်နှာသို့

ဤအစီအစဉ်သည် အိမ်နှင့်ကျောင်းအကြား ဆက်သွယ်မှုကိုကူညီပေးသည့် နောက်ထပ်ဘာသာ စကားများအတွက် ပုတ်ပြတ် (သို့မဟုတ်) ကန်ထရိုက် စာချုပ်နှင့်လုပ်ကိုင်သည့် ဝန်ထမ်း (၂၀) ကျော်ကိုလည်း ခန့်အပ်ထားသည်။ ဆက်သွယ်ရေးဝန်ထမ်းများနှင့်စကားပြန်များသည် အင်္ဂလိပ်ဘာသာစကားထက် မူရင်းသာ သာစကားကို ပြောကြားသည့် ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ မူလတန်းအကြိုမှ ၁၂တန်းအထိ ခန့်မှန်းခြေ ကျောင်းသား(၉၅၀)ယောက်နှင့်မိဘများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း လုပ်ဆောင်ပေးသည်။ မေးမြန်းလိုသည်များရှိပါက ညှိနှိုင်းဆောင်ရွက်ပေးသူ နီရာဇာရှေမစ်၊ (၈၀၂)၂၈၈ ၆၀၄၈ ဖုန်းနံပတ်ဖြင့် (သို့မဟုတ်) nsemic@bsdvt.org

## ကျောင်းတက်ခြင်း/နောက်ကျခြင်း

ဗားမောင့်ပြည်နယ်ဥပဒေက ကလေးများ အသက်၆နှစ်တွင် စတင်ကျောင်းတက်ရန် ပြဌာန်းထားသည်။ မိဘများနှင့်အုပ်ထိမ်းသူများက ကလေးများ ကျောင်းပျက်ခြင်းကို ကျောင်းသို့ အကြောင်း ကြားရမည်။ ပျက်ကွက်မှုများနှင့်နောက်ကျမှုများအတွက် မိဘနှင့် အုပ်ထိမ်းသူများကို ဆက်သွယ်ပါမည်။

- **၅ကြိမ် ပျက်ကွက်ခြင်း/နောက်ကျခြင်း။** နယ်မြေ၏ပေါ်လစီကို သင့်ထံသို့ စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း အကြောင်းကြားမည်။
- **၁၀ ကြိမ် ပျက်ကွက်ခြင်း/နောက်ကျခြင်း။** စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း အလားတူ အကြောင်းကြားမည်။ အချို့ကိစ္စများတွင် ကျောင်းတက်ရေးကိစ္စအားဖြေရှင်းရန်အတွက် ကျောင်းနှင့်တွေ့ဆုံရန် ဖိတ်ကြားမည်။
- **၁၅ ကြိမ် ပျက်ကွက်ခြင်း/နောက်ကျခြင်း။** ကျောင်းမှန်မှန်တက်ရေး အစီအစဉ်တခုရေးဆွဲရန်အတွက် ကျောင်းနှင့်တွေ့ဆုံဆွေးနွေးရန် သင့်ကို ဖိတ်ကြားနိုင်သည်။
- **အကြိမ်၂၀ ပျက်ကွက်ခြင်း/နောက်ကျခြင်း။** ချစ်တင်းဒင် (Chittenden) ကောင်တီ ပြည်နယ်ရှေ့နေ က မိသားစုတရားရုံးတွင် အရေးယူရန်လုပ်ဆောင်နိုင်သည်။

မိမိတို့ရည်ရွယ်ချက် — နှင့် ဗားမောင့်ပြည်နယ်ဥပဒေ၏ ရည်ရွယ်ချက် — မှာ ကျောင်းသားများ ကျောင်းတွင်ရှိပြီး ပညာသင်ကြားရေးပင် ဖြစ်သည်။ သူ/သူမ ကျောင်းတက်မှန်ရေးကို ကူညီခြင်းဖြင့် မိမိတို့အားကူညီပါ။

အရင်းအမြစ်များသည် ကျောင်းပိုင် ပစ္စည်းများဖြစ်သည်။ ကျောင်းပိုင်ကွန်ပြူတာ(သို့)နက်ခ်ဝေါ့ခ်အရင်းမြစ်များတွင် မိမိကိုယ်ပိုင်ဖိုင်များနှင့်အီလက်ထ ရွန်းနစ်အဆက်အသွယ်များအပါဝင် မိမိတို့သိမ်းဆည်းထားသော၊ လက်ခံရရှိထားသော၊ ပေးပို့ ထားသော မည့်သည့်အရာမှလုံခြုံမှုမရှိပါ။

ကျောင်းကြီးကြပ်ရေးမှူးသည် သတင်းနည်းပြညာအသုံးပြုမှုနှင့်ပက်သက်ပြီး လုပ်ထုပ်လုပ်နည်း များကိုချမှတ်ရမည်။

ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ ကွန်ယက်၊ ပူးပေါင်းလုပ်ကိုင်ရန်နှင့်ဆက်သွယ်မှုအထောက် ပေးသည့်ပစ္စည်းများနှင့်(သို့) ကျောင်းသားများနှင့်ဆိုင်သည့်အချက်အလက်များထိန်းသိမ်း ထား သည့်စနစ်များကို ကျောင်းဝင်းအတွင်း(သို့)ကျောင်းပြင်ပမှဝင်ရောက်အသုံးပြုလျှင် သော်လည်း ကောင်း၊ ကျောင်းပိုင်သတင်းနှင့်နည်းပညာများကို ကျောင်းဝင်းအတွင်း (သို့)ကျောင်းပြင်ပမှ အသုံးပြုလျှင်သော်လည်းကောင်း မည်သူမဆို ဤပေါ်လစီကိုလိုက်နာရ မည်။

ခွင့်ပြုချက်မရှိဘဲ အသုံးပြုမှု၊ မူပိုင်တားမြစ်ချက်များ(သို့)တခြားဥပဒေများအား ချိုးဖောက်မှု၊ အသုံးပြုသူ၏အမှား(သို့)ဂရုမမူ မှုနှင့် အသုံး ပြုသူအနေဖြင့် ပေးဆောင်ရမည့်ငွေကြေးများကို ကျောင်းအုပ်ချုပ်ရေးနယ်မြေမှ တာဝန်မယူပါ။ အင်တာနက်အပါအဝင် ကျောင်းအုပ်ချုပ်ရေး နယ်မြေ၏ အီလက်ထရွန်းနစ်အရင်းအမြစ် နက်ခ်ဝေါ့ခ်တွင်ရှိနေသော သတင်းအချက်အလက်များ၏မှန်ကန်မှု၊ အသက်အရွယ်အရ သင့်လျော်မှု၊ အသုံးပြုခွင့်ရှိမှုတို့ကို ကျောင်းအုပ် ချုပ်ရေးနယ်မြေတွင်တာဝန်မရှိပါ။ အချက်ပြောက်ဆုံးမှု(သို့)ဝန်ဆောင်မှုအနှောက် အယှက်ဖြစ်မှုများအပါအဝင် မည့်သည့်ပျက်စီး ဆုံးရှုံးမှုကိုမှ ကျောင်းအုပ်ချုပ်ရေးနယ်မြေမှ တာဝန်မရှိပါ။ အင်တာနက်၊ (သို့) ခွင့်ပြုချက်မရဘဲအသုံးပြုမှုကြောင့်ငွေကြေးပေးဆောင်ရမှုတို့ အပါအဝင် အီလက်ထရောနစ်စနစ်ဖြင့်သိမ်းဆည်းထားသော အချက်အလက်များ၏ အရည် အသွေးနှင့် တိကျမှန်ကန်မှုကို ကျောင်းအုပ်ရေးနယ်မြေမှ တာဝန်မရှိပါ။

သတင်းနှင့်နည်းပညာကိုအလွဲသုံးစား အသုံးပြုလျှင် ရရှိထားသည့် အသုံးပြုခွင့်အထူးအခွင့် အရေးကို ကျောင်းအုပ်ချုပ်ရေးနယ်မြေမှ ပြန်လည်ရုတ်သိမ်းခြင်းနှင့်(သို့)ပညာပေးအရေး ယူမှုများပြုလုပ်ပိုင်ခွင့်ရှိသည်။ ဤပေါ်လစီအားချိုးဖောက်သည်ဟု စွဲချက်တင်ခံရလျှင် ကျောင်းသားစည်းကမ်းပေါ်လစီနှင့် အညီ ကျောင်းအုပ်ချုပ်ရေးနယ်မြေမှကိုင်တွယ်ဖြေရှင်း မည်ဖြစ်သည်။ ဝန်ထမ်းများမှ ဤပေါ်လစီအားချိုးဖောက်သည်ဟု စွဲချက်တင်ခံရပါက အလုပ်စာချုပ်တွင် ပါရှိသည့်သဘောတူညီချက်နှင့်တရားဥပဒေအရ ကိုင်တွယ်ဖြေရှင်းသွား မည်ဖြစ်သည်။

### ကျောင်းဝင်ခွင့်အသက

ဘာလင်တန်တွင်နေထိုင်သူ ကျောင်းသားများသည် နှစ်တနှစ်၏ စက်တင်ဘာလ (၁) ရက်မတိုင်မီ၌ ၅ နှစ်ပြည့်ပါက ကျောင်းတက်ရန် စာရင်းသွင်းလိုလျှင် သူငယ်တန်းတွင် စာရင်းသွင်းနိုင်သည်။ အကယ်၍ စက်တင်ဘာ (၁) ရက်မတိုင်မီတွင် (၆)နှစ် ပြည့်ပါက ပထမတန်း တွင် စာရင်း သွင်းနိုင်သည်။

### သူငယ်တန်းသို့ စောပြီးဝင်ရောက်ခြင်း

ကလေးတစ်ယောက်ချင်းစီ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ဘာလင်တန် ကျောင်းအုပ်ချုပ်ရေးနယ်မြေမှ ဝန်ဆောင်မှုပေးသောအားဖြင့် မိဘများမှတောင်းဆိုပါက စက်တင် ဘာလ ၁ ရက်နေ့ မှ ၃၀ ရက်အကြားမွေးသောကလေးများကို သူငယ်တန်းသို့ စောပြီးဝင်ရောက်ခြင်းကို စဉ်းစားပေးပါမည်။ အကယ်၍သင့်အနေဖြင့် သင့်ကလေးအတွက် ဤအခွင့်အရေးကို ရယူမည် ဆိုပါက ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ မူကြိုပညာရေးပရိုဂရမ်ကို ဤဖုန်းနံဖြင့်ဆက် သွယ်ပါ - (၈၀၂) ၈၆၄- ၈၄၆၃။

### နားစစ်ဆေးခြင်း နှင့် မျက်စေ့ စမ်းသပ်ခြင်း

ကျောင်းများသည် ၎င်းတို့၏ကျောင်းအုပ်ချုပ်ရေးနယ်မြေအတွင်းရှိ သူငယ်တန်း၊ ပထမတန်း၊ တတိယတန်းနှင့်ပဥ္စမတန်းတို့မှ ကျောင်းသားများအား နှစ်စဉ် နားစစ်ဆေးရန် လိုအပ်သည်။ သူငယ်တန်း၊ ပထမတန်း၊ တတိယတန်း၊ ပဥ္စမတန်း၊ သတ္တမတန်း၊ နဝမတန်းနှင့် ၁၂ တန်းတို့ တွင် မျက်စိစစ်ဆေးရန်လိုသည်။ မိဘများအနေဖြင့် ကျောင်းအုပ်များထံသို့ သတိပေးစာပို့ပြီး မိမိ ကလေးများအား ဤကဲ့သို့ စစ်ဆေးခြင်း မလုပ်ရန်ဘေးဖယ်ထားရန် တောင်းဆိုခွင့်ရှိသည်။ ကျောင်းသားများအားလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာမိသားစုဆရာဝန်များဖြင့် နှစ်စဉ်ပြသသင့် သည်။

### ကျောင်းတွင်ဆေးတိုက်ခြင်း

မိဘ/အုပ်ထိန်းသူ က ကျောင်းချိန်အတွင်း တိုက်သည့် ဆရာဝန်ညွှန်းသည့် ဆေးသောက် ခွင့်ရရန် တောင်းခံပုံစံဖောင်ကို နှစ်စဉ်မဖြစ်မနေဖြည့်ရမည်။ ကျန်းမာရေး စောင့်ရှောက်သူထံမှ ဆေးညွှန်းစာ လိုသည်။ ကျောင်းသားအမည်နှင့် ပြီးတော့ ဆေးအညွှန်း. ရေးထားသည့် နဂိုမူလဆေးဗူးဖြင့် ကျောင်း သို့ ဆေးဝါးများ ယူဆောင်လာရမည်။ အသက်ကယ် ဆေးမဟုတ်လျှင် ကျောင်းသူနာပြုဆရာ/မ က ဆေးများကို သိုလှောင်ခန်းတွင် သော့ခတ်သိမ်း ဆည်းထားရမည်။ ဆေး နှင့်ပတ်သက်၍ မေးစရာရှိ လျှင် ကျောင်းသူနာပြုနှင့် ဆက်သွယ်ပါ။ သင့်အနေဖြင့် ဆေးဝါးနှင့်ပက်သက်၍ဖြစ်စေ (သို့မဟုတ်) ပန်းနာရင်ကြပ် (သို့မဟုတ်) မတည့် သည့်အရာများကို တိုက်ထုတ်ကာကွယ်သည့် အစီအစဉ်ရေးဆွဲရန် သင့်ကလေးတက်နေသည့်ကျောင်းရှိသူပြုဆရာမ (နာ့စ်မ) ကိုဆက်သွယ်ပါ။

### စစ်တပ်အတွက် လူသစ်စုဆောင်းပေးသူများ/တက္ကသိုလ်၊ ကောလိပ်အတွက် လူသစ်စုဆောင်း ပေးသူများ

မိဘများ၏စာဖြင့်ရေးသားဖော်ပြထားသည့် သဘောဆန္ဒကို ကြိုတင်တောင်းခံခြင်းမရှိဘဲ ၎င်းတို့၏ ကလေးအမည်၊ လိပ်စာနှင့် ဖုန်းနံပတ် များကို စစ်တပ် (သို့မဟုတ်) တက္ကသိုလ်၊ ကောလိပ် အတွက် လူသစ်စုဆောင်းပေးသူများထံသို့ ပို့ပေးသည့် စာရင်းတွင် မထည့်သွင်းရန် မိဘများက တောင်းဆိုနိုင် သည်။ နောက်ထပ်သတင်းအချက်အလက်များသိလိုပါက ကျောင်းအဆောင် ကျောင်းအုပ်ဖြင့် စကား ပြောပါ။

### ခွဲခြားဆက်ဆံမှု မလုပ်ခြင်း

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေနှင့် ဝန်ထမ်းများသည် ဥပဒေနှင့်ဘုတ်အဖွဲ့ပေါ်လစီများ တွင် ထည့်သွင်းထားအတိုင်း အခြားဝန်ထမ်းများ၊ အလုပ် လျှောက်ထားသူများ၊ ကျောင်းသားများ အပေါ် နိုင်ငံရေးနှီးနွယ်မှု၊ လိင်ပိုင်းဆိုင်ရာတိမ်းညွှတ်မှု၊ ကျား၊မ (သို့) ကျား၊မ ဖော်ပြမှု၊ လူမျိုး၊ ကျား၊မကွဲပြားမှု (ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ အိမ်ထောင်ရှိသည်ဖြစ်စေ၊ မိဘဖြစ်သည်ဖြစ်စေ) အသား အရောင်၊ အသက်အရွယ်၊ ဘာသာအယူဝါဒ၊ ကိုးကွယ်ယုံကြည်မှု၊ ကိုယ်လက်အင်္ဂါချို့ယွင်းမှု၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်း ဆိုင်ရာ ချို့တဲ့မှု၊ မျိုးရိုး မွေးရပ်မြေ၊ နိုင်ငံဇစ်မြစ်၊ အိမ်ထောင်ရှိခြင်း-မရှိခြင်း (သို့မဟုတ်) လိင်ဆိုင်ရာတိမ်းညွှတ်မှု စသည်တို့အရ ခွဲခြားဆက် ဆံခြင်း လုပ်မည်မဟုတ်ပါ။

ဤကဲ့သို့ ခွဲခြားဆက်ဆံမှု မလုပ်သည့်ပေါ်လစီ ကို အခြားကျောင်းအုပ်ချုပ်ရေးနယ်မြေများရှိ အလုပ်ခန့်ခြင်းနှင့်ပညာရေးဆိုင်ရာ လက် တွေ့ကျင့်သုံးမှုများ၊ ပေါ်လစီများ၊ လုပ်ထုံးလုပ်နည်း (သို့မဟုတ်) အစီအစဉ်၊ ဆောင်ရွက်မှုများ၊ ဝန်ဆောင်မှုနှင့် ကျောင်းအဆောက်အဦးများ တွင် ပျံ့နှံ့သက်ရောက်စေရမည်။ ထို့ပြင် ကျောင်းဘုဒ်အဖွဲ့က ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းသူများ ဆိုင်ရာ ပညာရေးအက်ဥပဒေအရ ဖယ်ဒရယ်ဗဟို အစိုးရထံမှ အထောက်အပံ့ ရရှိသည့်အစီအစဉ်ဖြင့် အရည်အချင်းရှိသော ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူများကို အလုပ် ခန့်ရန် စီစဉ်ရမည်။

ခွဲခြားဆက်ဆံမှုနှင့်ဆိုင်သည့် ဗဟိုအစိုးရဥပဒေအား ကျောင်းနယ်မြေ အုပ်ချုပ်ရေးက ချိုးဖောက် နေမှုနှင့်သက်ဆိုင်သည့် တိုင်တန်းချက် များအား ဖြေရှင်းရန်အတွက် ကျောင်းအုပ်ချုပ်ရေး နယ်မြေ၏ ကျောင်းတွင်းတိုင်တန်းမှုဖြေရှင်းရေးလုပ်ထုံးလုပ်နည်းများကို အသုံးပြုရန် ဝန်ထမ်းများ၊ အလုပ် လျှောက်ထားသူများနှင့်ကျောင်းသားများကို တိုက်တွန်းရမည်။ ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေတွင် လုပ်ကိုင်နေကြသည့် ဝန်ထမ်းအားလုံးသည် ဤလုပ်ထုံးလုပ်နည်းများအရ လုပ် ဆောင်သည့် မည်သည့်စုံစမ်းစစ်ဆေးမှုများတွင်မဆို အပြည့်အဝ ပူးပေါင်းပါဝင်ရမည်။ မိမိတို့နှင့် ဆိုင်သည့်သတင်းအချက်အလက်များကို ရိုးသားစွာ လိုလိုလားလား ပြောပြရမည်။ ဤကျောင်းတွင်း တိုင်တန်းမှုဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများအပြင် အခြားတိုင်တန်းခြင်း လုပ်ထုံးလုပ်နည်းများကို လည်း ဤဘာလင်တန်ကျောင်းရဲ့ဝက်ဘ်ဆိုက်(သို့မဟုတ်) ကျောင်းအုပ်ရုံးခန်းတွင်ရှိပါသည်။

လူသားအရင်းအမြစ်ဒါရိုက်တာ ဂျက်မက်ခါသီ ကျောင်းသားများ၊ ဝန်ထမ်းများနှင့် အခြားသူ များအတွက် ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ Title VI ဆက်စပ်ဆောင်ရွက်ပေးသူ၊ အသက် အရွယ်ခွဲခြားဆက်ဆံမှု ဆက်စပ်ဆောင်ရွက်ပေးသူ၊ ကျောင်းသားဆိုင်ရာ အမေရိကန်မသန်စွမ်း အက်ဥပဒေ ဆက်စပ်ဆောင်ရွက်ပေးသူဖြစ်သည်။ သူ့ကို (၈၀၂) ၈၆၄ ၂၁၅၉ (သို့မဟုတ်) နားမကြား၊ မသန်စွမ်းပါက ၁ (၈၀၀) ၂၅၃ ၀၁၉၁ ဖုန်းပါတ်တို့ဖြင့် ဆက်သွယ်နိုင်ပါသည်။ အထူး ပညာရေးအစီအစဉ် ဒါရိုက်တာ လော်ရာ နဂျင့်နိသည် ကျောင်းသားများနှင့် §504 တို့အတွက် အမေရိကန်မသန်စွမ်း အက်ဥပဒေ ဆက်စပ်ဆောင်ရွက်ပေးသူဖြစ်သည်။ သူ့ကို (၈၀၂) ၈၆၄ ၈၄၅၆ (သို့မဟုတ်) နားမကြား၊ မသန်စွမ်းပါက ၁ (၈၀၀) ၂၅၃ ၀၁၉၁ ဖုန်းပါတ်တို့ဖြင့် ဆက်သွယ်နိုင်ပါသည်။

တန်းတူညီရေး ဒါရိုက်တာ ဟင်နရီ စပဲ့ခ် သည် ဝန်ထမ်းများ၊ ကျောင်းသားများ၊ မိဘများ နှင့် အခြားသော ဆွေမျိုးများ၊ မိတ်ဆွေများ နှင့် ဧည့်သည် အဖြစ် ဟောပြောသူများ (သို့မဟုတ်) လာရောက်လည်ပတ်သူများအတွက် Title IX ဆက်စပ်ဆောင်ရွက်ပေးသူဖြစ်သည်။ သူ့ကို (၈၀၂) ၅၄၀ ၀၂၁၄ (သို့မဟုတ်) နားမကြား၊ မသန်စွမ်းပါ က ၁ (၈၀၀) ၂၅၃ ၀၁၉၁ ဖုန်းပါတ်တို့ဖြင့် ဆက်သွယ်နိုင်ပါသည်။

အထက်ဖော်ပြပါ ဆက်စပ်ဆောင်ရွက်ပေးသူများအားလုံးကို 150 Colchester Avenue, Burlington, VT 05401 တွင်ဆက်သွယ်နိုင်ပါသည်။ နောက်ဆုံးအသေးစိတ်အချက် အလက်များကိုသိလိုလျှင် ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ www.bsdvt.org ဝက်ဗ်ဆိုက်တွင်ဖတ်ရှုနိုင်ပါသည်။ (သို့မဟုတ်)လူသားအရင်းအမြစ်နှင့်တန်းတူညီမျှမှုရုံး၏ ဝါရင့်ဒါရိုက်တာ နစ်ကီ အေ ဖူးလာ၊ အီးအက်စ်ကျူ (Nikki A. Fuller, Esq.,) ကို(၈၀၂) ၈၆၄ ၂၁၅၉ (သို့မဟုတ်) နားမကြား၊ မသန်စွမ်းပါက ၁ (၈၀၀) ၂၅၃ ၀၁၉၁ ဖုန်းပါတ်တို့ဖြင့် ဆက်သွယ်နိုင်မေးမြန်းနိုင်ပါသည်။

ခွဲခြားဆက်ဆံမှုမလုပ်ရေးပေါ်လစီ ကျင့်သုံးရေးနှင့် သက်ဆိုင်သည့် စုံစမ်းမေးမြန်းမှုများကို ဒေသ ညွှန်ကြားရေးမှူး၊ အမေရိကန် ပညာရေးဌာန၊ ပြည်သူ့အခွင့်အရေးရုံး Regional Director, U.S. Department of Education, Office for Civil Rights, 5 Post Office Square 8th Floor / Suite 900, Boston, MA 02109-3921၊ (ဖုန်း) (၆၁၇) ၂၈၉-၀၁၁၁၊ (ဖတ်စ်) (၆၁၇) ၂၈၉-၀၁၅၀ (သို့မဟုတ်) ဗားမောင့်လူ့အခွင့်အရေးကော်မရှင် Vermont Human Rights Commission, 135 State St., Drawer 33, Montpelier VT 05633-6301, human.rights@hrc.state.vt.us, (ဖုန်း) ၁ ၈၀၀ ၄၁၆-၂၀၁၀ အသံ/TTY; (သို့မဟုတ်) (ဖုန်း) ၈၂၈-၂၄၈၀ အသံ/TTY. ထံတွင်ဆက် သွယ်ပြုလုပ်နိုင်သည်။

ဝန်ထမ်း (သို့မဟုတ်) ခွဲခြားဆက်ဆံခြင်းခံရသည်ဟု ယုံကြည်ရသည့် အလုပ်လျှောက် ထားသူများ သည် အမေရိကန်ပြည်ထောင်စု၊ တန်းတူရည်တူ အလုပ်အခွင့်အရေး ကော်မရှင် U.S. Equal Employment Opportunity Commission, 33 Whitehall St., 5th floor; New York, NY 10004, သို့ ဆက်သွယ်ရမည်။ (သို့မဟုတ်) အခမဲ့ဖုန်း-၁-၈၀၀-၆၆၉-၄၀၀၀ နှင့် ၁-၈၀၀-၆၆၉-၆၈၂၀ TTY သို့ ခေါ်ပါ။

## မိဘ/အုပ်ထိန်းသူ(များ) အဆက်အသွယ်

သင့်အနေဖြင့်အိမ်၌မရှိလျှင် သင့်ကလေးရဲ့ မိဘကိုယ်စားတာဝန်ရှိသူ (သို့မဟုတ်) အုပ်ထိန်းသူ၏ နေရပ်လိပ်စာကို ကျောင်းကို အသိပေးပါ။ နေထိုင်မကောင်းခြင်း၊ မတော်တဆထိခိုက်မိခြင်း စသည့် အရေးပေါ်ကိစ္စများ ပေါ်လာလျှင် မိဘ/အုပ်ထိန်းသူ(များ)၏ အလုပ်ခွင်မှ ဖုန်းနံပတ် (သို့မဟုတ်) အိမ်နီးနားခြင်းဖုန်းနံပတ် ကို အသုံးပြုမည်ဖြစ်ပါသည်။

## တပည့်များ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ

ဖယ်ဒရယ်ဗဟိုအစိုးရ တပည့်များအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေအရ ဈေးကွက်အခြေအနေ ဆန်းစစ်လေ့လာချက်နှင့် အရေးပေါ် အခြေအနေမဟုတ်သည့် ကူးစက် ပြန့်ပွားတတ်သောရောဂါ စစ်ဆေးရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ စုဆောင်း ရန် အခြားလူတဦးတယောက်က ကလေးများနှင့်လုပ်လိုသည့် ဆန်းစစ်လေ့လာချက်တိုင်းကို ၎င်းတို့၏ မိဘ/အုပ်ထိမ်းသူများထံ အကြောင်းကြားရမည်။ မိဘ/အုပ်ထိန်းသူ(များ)က မိမိကလေး များ ဤကဲ့သို့ လေ့လာမှု အလုပ်ခံ၊ မခံ ရွေးချယ်ခွင့်ရှိသည်။ ဤကဲ့သို့ ဆန်းစစ်လေ့လာမှုတိုင်း (နှင့်/သို့မဟုတ်) ဆန်းစစ်လေ့ လာမှုနှင့် စစ်ဆေးမှုများတွင်အသုံးပြုမည့် ကိရိယာများကို စစ်ဆး ပိုင်ခွင့်လည်း ရှိသည်။ ထို့ပြင် ပညာရေးသင်ရိုး အစိတ်အပိုင်းအဖြစ် အသုံးပြုသည့် ပညာပေးပစ္စည်းများကိုလည်း စစ်ဆေးခွင့်ရှိသည်ဟု အက်ဥပဒေ၌ ဖော်ပြထားသည်။

## ကျောင်းပိတ်ခြင်း

ဘာလန်ကျောင်းများ တရက်တာပိတ်ရန် လိုအပ်လာပါက မနက် ၆နာရီနောက်ပိုင်း၌ ကျောင်းမက်ဆင်ဂျာဆက်သွယ်ရေးစနစ် မှတဆင့် ကြေညာပါမည်။ ဒေသရုပ်မြင်သံကြားနှင့်ရေဒီယိုသတင်းဌာနများနှင့် ကျနော်တို့၏ ဝက်ဘ် ဆိုဒ်များ၊ ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ ဆိုရှယ်မီဒီယာလိုင်းများမှလည်း ကျောင်းပိတ်သည့် အကြောင်းကို ထည့်သွင်းကြေညာ မည်ဖြစ်သည်။ ကျောင်းမက်ဆင်ဂျာကြေညာချက် များကို တယ်လီဖုန်း၊ အီးမေးနှင့်ဖုန်းမက်ဆေ့ချ် များမှတဆင့် ပေးပို့ပါမည်။ ကျောင်းများတွင် ကျောင်းမက်ဆင်ဂျာအတွက် တိကျပြီးနောက်ဆုံး အသစ်ပြောင်းထားသည့် ဆက်သွယ်ရန်သတင်းအချက်အလက်များ ရှိရန်၊ အလွန်အရေးကြီးပါသည်။ ကျောင်းပြန်လည်တက်ရောက်ခွင့် အစီအစဉ်တရပ်အနေဖြင့် PowerSchool Registration System မှတဆင့် သင်၏ဆက်သွယ်ရန်အချက်အလက်များကို အသစ်ပြောင်းလဲခြင်းများ လုပ်နိုင်ပါသည်။

ကျောင်းဖွင့်ရက်များအတွင်း မမျှော်လင့်သောအခြေအနေများကြောင့် ဘာလင်တန်းကျောင်းအားလုံး (သို့မဟုတ်) ကျောင်းတကျောင်းသည် ပိတ်ရန် လိုအပ်လာနိုင်သည်။ ထိုဆုံးဖြတ်ချက်ကို ကျောင်းကြီး ကြပ်ရေးမှူးက ကျောင်းအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေး ညွှန်ကြားရေးမှူး (နှင့်/သို့မဟုတ်) ဘာလင်တန် ရဲဌာနကဲ့သို့ သင့်လျော်သည့် လူပုဂ္ဂိုလ်များနှင့်တိုင်ပင်ပြီး ချမှတ်မည်ဖြစ်သည်။ အချို့အခြေအနေများ၌ ကျောင်းသားများအား ချက်ချင်းလက်ငင်း ကျောင်းဆင်းစေ ရမည်ဖြစ်သော်လည်း ဤဆုံးဖြတ်ချက်ကို ဖြစ်နိုင်သမျှကြိုတင် အသိပေးမည်ဖြစ်သည်။

## အဟာရနှင့်အစားအသောက်ကျွေးမွေးရေးလုပ်ငန်း

ဘာလင်တန်ကျောင်း အစားအသောက်ကျွေးမွေးရေး စီမံကိန်းက ဘာလင်တန်ကျောင်း နယ်မြေတွင် စာရင်းသွင်းထားသည့်ကျောင်းသား များအတွက်အရေးအသွေးမှီသည့် အဟာရ များကျွေးမွေးပါ သည်။ ကျွန်ုပ်တို့မျှော်မှန်းချက်သည် ကျောင်းသားအားလုံးနေ့စဉ် နံနက်စာ၊ နေ့လည်စာနှင့်ညစာတို့ ဖြစ်သည်။ သင့်လျော်သည့် အဟာရ စားသုံးခြင်းသည် ပညာရေး အောင်မြင်မှု အတွက်ရေးကြီးသည်။

ကျောင်းရဲ့အစားအစာများသည် နိုင်ငံလုံးဆိုင်ရာ ကျောင်းများ၏မနက်စာနှင့်နေလည်စာ အစီအစဉ်နှင့် ၂၀၁၀ က ပြဋ္ဌာန်းခဲ့သော ကလေးများကျန်းမာပြီးဆာလောင်မွတ် မှုကင်းဝေးခြင်းအက်ဥပဒေ စည်းမျဉ်းစည်းကမ်းများအတိုင်းလိုက်နာဆောင်ရွက်သည်။ ဤဥပဒေသည် ကျောင်းသားများကို ကျန်းမာ ရေးနှင့်ညီညွတ်သော အစားအစာများ ကျွေးခြင်းဖြင့် ကျောင်းသားများအဝလွန်ခြင်း လျော့နည်း လာစေရန် ရည်ရွယ်ပါသည်။ အစားအသောက်၊ သောက်ရေနှင့် အချိုရည်များလုံးသည် အရည် အချင်းရှိသော ကလေးအာဟာရကျွမ်းကျင်အတတ်ပညာရှင်များမှ စီစဉ်ကျွေးမွေးခြင်းဖြစ် သည်။

ကျွေမွေးသည့်အစားအစာများမှာ၊

- ကျောင်းသားအားလုံးအတွက် အခမဲ့မနက်စာ
- ကျောင်းဆင်းချိန်အပြီးကျွေးသည့် ကျောင်းသားအားလုံးအတွက် အခမဲ့ညစာ
- စာသင်ခန်းအတွင်းကျွေးသော သူငယ်တန်းကနေ၅တန်းအထိကျောင်းသားများအတွက် အခမဲ့ သီးနှံနှင့် ဟင်းသီးဟင်းရွက်များ။ ဟင်းချိုများ အသုတ်စုံများနှင့် နို့အစုံ ပါဝင်သည့် နေ့လည်စာ - နေ့တိုင်းကျွေးပါသည်။

ဘာလင်တန်ကျောင်းအစားအစာပရောဂျက်အနေဖြင့် နွေရာသီအတွင်း နွေရာသီ အစားအစာ အစီအစဉ်မှတစ်ဆင့် ကျောင်းသားများအား အစားအစာကျွေးမွေးနိုင်သည်ကို များစွာဂုဏ်ယူ ပါသည်။ ဒေသထွက်အသီး အနှံများကိုပို၍ကျွေးမွေးခြင်း ကျွန်တော်တို့ ဆက်လက်လုပ် ဆောင်သည်။ ကျွန်ုပ်တို့ ဂုဏ်ယူမိသည်မှာ ကျွန်ုပ်တို့ကျောင်းများအတွက် ဝယ်သော အသီးအနှံ သုံးပုံတပုံမှာ ဗားမောင့်ပြည်နယ်မှဖြစ်သည်။ ဤနှစ် ကျနော်တို့ကျွေးမွေးသောအမဲသားအားလုံးသည် ဗားမောင့်အမဲသား (Vermont Beef) များ ဖြစ်ပါကြောင်း ဂုဏ်ယူစွာ ပြောကြားပါသည်။

လယ်ယာမြေမှကျောင်း သို့ အစီအစဉ်သည် ကျောင်းသားများနှင့်မိဘများကို လယ်သမားများနှင့် လတ်ဆတ်သည့် ဒေသထွက်အသီးအနှံများနှင့်ဆက်သွယ်ပေးခြင်းဖြင့် ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်း အားကောင်းလာအောင်လုပ်ပေးသည်။ ယခုအခါကျွန်ုပ်တို့ သည် အသီးအနှံများကို ဒေသအတွင်းရှိ ဒေထွက်အသီးအနှံများကိုဝယ်ယူခြင်းသည် ကလေးများအား အစားအစာဖွဲ့စည်းမှုစနစ် ဆက်စပ်နားလည်စေပြီး လယ်သမားများအတွက် သတို့ခြံထွက်အသီး အနှံများကို သူတို့ဒေသ အတွင်းရှိကျောင်းများ သို့တင်သွင်းရန် အခွင့်အလမ်းပွင့်စေသည်။ ကျွန်တော်တို့အစီအစဉ်သည် ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ အသီးအနှံခြံအများအပြားကို လည်းကြီးကြပ်ပြီး အသီးအနှံခြံပညာပေးများလုပ်ဆောင်သည်။ တချို့ဘာလင်တန်နွေရာသီပွဲတော်များတွင် ကျွန်တော်တို့၏ ထရပ်ကားများကို သင်တို့တွေ့ပြီးဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့၏လုပ်ဆောင်မှုများကိုသိလိုလျှင် ကျွန်တော်တို့၏ ဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုစေလိုပါသည်။ အလားတူ မည်ကဲ့သို့ငွေပေးချေရမည် ဆိုသည်ကိုလည်း တွေ့နိုင်ပါသည်။ http://burlingtonschoolfoodproject.org

## ကျောင်းငွေကြေးဆိုင်ရာ အချက်အလက်

မြို့လုံးကျွတ်အစည်းအဝေးနေ့ — မတ်လ ပထမဆုံး အင်္ဂါနေ့ — သည် ကျောင်းငွေကြေးဆိုင်ရာဘတ်ဂျက်ကို စဉ်းစားရန် မဲ ဆန္ဒရှင်များကို တောင်းဆိုသည့် အချိန် ဖြစ်သည်။ ကျောင်း ဘတ်ဂျက်အဆိုပြုချက်နှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါနေရာများမှ ရရှိနိုင်သည်။

- ကျောင်းနယ်မြေဝက်ဘ်ဆိုဒ်-www.bsdvt.org
- ကျောင်းနယ်မြေ နှစ်စဉ် အစီရင်ခံစာ၊ ဖေဖော်ဝါရီလတွင် မြို့ထဲနေသူများ ရနိုင်၊
- ကျောင်းဘုဒ်အဖွဲ့အစည်းဝေးပွဲများ၊
- ရပ်ကွက်စီမံကိန်းရေးဆွဲရေး စုံညီအစည်းအဝေးပွဲများ၊
- ကွမ်ကတ်စ်ကေဘယ်လိုင်းအစီအစဉ်များ (Comcast Cable Channels) 16-RETN နှင့်17 – မြို့လုံးကျွတ်အစည်းအဝေး တယ်လီဗေးရှင်း
- ကျောင်းဘုဒ် ကော်မရှင်နာအဖွဲ့ဝင်များ။ ဆက်သွယ်ရန် သတင်းအချက်အလက်ကို ဤစာစောင် ရှေ့ဖုံး အတွင်းပိုင်း၌ ကြည့်ပါ။

## ပညာရပ်ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး

ပညာရပ်ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး၏ ရည်မှန်းချက်ပန်းတိုင်မှာ ဆရာများ အဆက် မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရန် နှင့်ရေရှည် ဆက်လက်ထိန်းသိမ်း ထားရန် ဖြစ်သည်။

ညီမျှတဲ့ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုစနစ်တခုဖြစ်လာစေရန်အတွက် ကျောင်းအုပ်ချုပ်ရေး နယ်မြေမှ ဗဟိုအစိုးရနှင့်ပြည်နယ် ရံပုံငွေများကိုအသုံးပြုသည်။ ဤစနစ်တွင် ဆရာခေါင်းဆောင်မှု အရည်အချင်း၊ ဒေသအတွင်းရှိ အကြံဉာဏ်ပေးသည့်သူများ၊ ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေး ပွဲများနှင့်သင်တန်းများပါဝင်သည်။

- သူငယ်တန်းမှ ၁၂ တန်းတွင် အဓိကသင်ကြားရမည့် ဘာသာရပ်များ၏ စံချိန်စံညွှန်း များ
- တတ်ကျွမ်းမှုအပေါ်အခြေခံသည့် အထက်တန်းအောင်မှုမျှော်မှန်းချက်
- ကျောင်းသားနောက်ခံအပေါ်မူတည်၍၊ ကျောင်းသားဗဟိုပြု လေ့လာသင်ကြားခြင်း
- ရရှိခဲ့သော သင်ခန်းစာများ
- ပညာရပ်ကျွမ်းကျင်မှုဆိုင်ရာ လေ့လာသင်ယူသည့်ဝန်းကျင်
- သင်ရိုးဒီဇိုင်းပုံစံနှင့်ဖွံ့ဖြိုးရေး
- အချက်အလက်ကိန်းဂဏန်းပေါ်မူတည်၍ ဆုံးဖြတ်ချက်ချချင်း
- နည်းပညာ ပေါင်းစပ်ခြင်း
- ပန်လည်ဆန်းသစ်သော အလေ့အကျင့်များ
- အခြေခံတတ်မြောက်ရမည့်နယ်ပယ်သင်ကြားရေးအတွက် သင်းခန်းစာရေးဆွဲခြင်း
- ဘက်ပေါင်းစုံ အထောက်အကူပေးရေးစနစ်
- အင်္ဂလိပ်စာလေ့လာနေသောကျောင်းသားများ၏ ဘာသာစကား၊ ယဉ်ကျေးမှုနောက်ခံ
- ပညာရေးသင်ကြားရေး၏ မဟာဗျူဟာမှာ ဖြစ်ထွန်းမှုကွာဟချက်များ အားနည်းစေရန် ရည်ရွယ်သည်။
- ကျောင်းသားများ၏ လူမှုရေး စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်။
- နောက်မျိုးဆက်၏ သိပ္ပံပညာ စံချိန်စံညွှန်းများ

### ကျောင်း ဘေးကင်းလုံခြုံရေး

ဘာလင်တန်းကျောင်းအုပ်ချုပ်ရေးနယ်မြေ လုံခြုံရေးအစီအမံများ တိုးတက်ကောင်းမွန်စေရန် အဆက်မပြတ် လုပ်ပါသည်။ အကြပ်အတည်း ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်က အကြပ်အတည်း၊ ဘေးကင်းလုံခြုံရေး အခြေအနေအား ဖြေရှင်းရန် ဝန်ထမ်းများအား သူ့နေရာနှင့်သူ ကြိုတင်စီမံ ဆောင်ရွက် ထားရှိသည်။ ထို့ပြင် ဘာလင်တန်းရဲဌာနနှင့်မီးသတ်ဌာနမှ အဖွဲ့ဝင်များ ပါဝင်သည့် နယ်မြေတခုလုံးဆိုင်ရာ ကျောင်းလုံခြုံမှု ကော်မတီသည် လစဉ် အစည်းအဝေးကျင်းပသည်။

ကျောင်းလုံခြုံရေးအစီအမံများတွင်....

**လူစစ်ခြင်း။** ။ကျောင်းဝင်းထဲတွင် ရှိနေသည့်အချိန်တိုင်း ။ကျောင်းဝင်းထဲတွင် ရှိနေသည့်အချိန်တိုင်း ကျောင်းထဲဝင်လာသူများကို စောင့်ကြည့်ရန်၊ ဝန်ထမ်းအားလုံးသည် ဓါတ်ပုံပါသည့် သက်သေ ခံကဒ်ပြားကို ချိတ်ဆွဲထားရသည်။ ဝန်ထမ်းများတွင် ဆရာအားလုံး၊ အကူဆရာများ၊ အုပ်ချုပ်သူများ၊ ထိန်းသိမ်းစောင့်ရှောက်မှုနှင့်အဆောက်အဦး ဝန်ထမ်းများ၊ အစားအစာချက်ပြုတ်ကျွေးမွေးရေးထမ်းများနှင့်အခြားအထောက်အကူပြုဝန်ထမ်းများ ပါဝင် သည်။

**ဧည့်သည်များ။** ။ကျောင်းထဲလာသည့်ဧည့်သည်များသည် ကျောင်းဖွင့်သည့်ရက်များတွင် ဧည့်သည် ခွင့်ပြုကဒ်ပြား ပါရမည်။ ဤကဲ့သို့ သက်သေခံကဒ်ပြား (သို့မဟုတ်) ဝင်ခွင့်လက်မှတ် မပါဘဲ ကျောင်းထဲဝင်လာသည့်သူတိုင်းကို စောင့်ကြည့်ရန်နှင့်၎င်းတို့အား ရုံးသို့သွားရန် ညွှန်ပြပေးရန် ဝန်ထမ်း များကို တောင်းဆိုထားသည်။

**တံခါး။** ။ ကျောင်းများအားလုံးအပြင်တံခါးများပိတ်ထားရမည်။ အလည်အပတ်ရောက်ရှိသူများအနေဖြင့် ကျောင်းရုံးခန်းသို့ အချက်ပေးသည့်လျှပ်စစ်ကိရိယာ/ဗွီဒီယိုကင်မရာ စစ်ဆေးခံမှုဖြင့်ဝင်ရောက်နိုင်သည်။

ဆိုင်းဘုဒ်အမှတ်အသားများ။ ။ဧည့်သည်များလက်မှတ်ထိုးရန်နှင့် ဧည့်သည်လက်မှတ်ယူရန် အဆောက် အဦးတိုင်း၌ ပင်မရုံးသို့ညွှန်ပြသည့် ဆိုင်းဘုဒ် တခုစီ ရှိရပါမည်။

### ကျောင်းသားမှတ်တမ်း/သတင်းအချက်အလက်

ဘာလင်တန်ကျောင်းနယ်မြေ၌ စာရင်းသွင်းထားသည့် ကျောင်းသားများ၏ မိဘ/အုပ်ထိန်း သူများ၌ ကျောင်းအုပ်ချုပ်ရေးက ကျောင်းသားတဦးချင်းစီအတွက် ထိန်းသိမ်းထားသည့် ပညာရေးမှတ်တမ်းများမှ သက်ဆိုင်ရာအလိုက် ရွေးချယ်ထုတ်ယူနိုင်သည့် အခွင့်အရေး ရှိသည်။ ဤအခွင့်အရေးများကို မိသားစုပညာရေး အခွင့် အရေးနှင့်ပုဂ္ဂလိက အချက်အလက်များထိန်းသိမ်းမှု အက်ဥပဒေ (FERPA) ဖြင့် အကာအကွယ် ပေးထားသည်။

**မိဘ/အုပ်ထိမ်းသူ(များ)သင့်လျော်သောကျောင်းသားများ၏ အခွင့်အရေးများမှာ-**

- သင့်တော်သည့်အချိန်တွင်  ကျောင်းသား၏ ပညာရေးမှတ်တမ်းကို စစ်ဆေးသုံးသပ်ရန်
- လိုအပ်ပါက ကျောင်းသား၏ ပညာရေးမှတ်တမ်းကို အမှန်အတိုင်း ရရှိရန်
- ကျောင်းသားပညာရေးမှတ်တမ်းမှ ပုဂ္ဂိုလ်ရေးအရ ရွေးချယ်ထုတ်ယူထားသော ထုတ်ဖော်ချက်ကို လက်ခံရန်
- ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေက စွပ်စွဲထားသည့် မိသားစုပညာရေး အခွင့် အရေးနှင့်ပုဂ္ဂလိကအချက်အလက်များထိန်းသိမ်းမှု အက်ဥပဒေ (FERPA) အား ချိုးဖောက်မှုနှင့်ပတ်သက်ပြီး

အမေရိကန်ပညာရေးဌာန၊ မိသားစုပေါ်လစီနှင့်စည်းမျဉ်းရုံး — U.S. Department of Education, Family Policy and Regulations Office, Washington, D.C. 20202 တွင် တိုင်ချက်ဖွင့်ပါ။

**ပညာရေးမှတ်တမ်းအား စစ်ဆေးခြင်းနှင့်ပြန်လည်သုံးသပ်ခြင်း။** ။ကျောင်းအုပ် (သို့မဟုတ်) အခြား သင့်တော်သည့် ကျောင်းအရာရှိက လို အပ်သည့်အစီအစဉ်များကို မြန်နိုင်သမျှမြန်မြန် ဆောင်ရွက်ပြီး၊ မိဘ/အုပ်ထိမ်းသူ(များ)၊ အရည်အချင်းမှီသည့်ကျောင်းသားများ (သို့မဟုတ်) မှတ်တမ်းများ စစ်ဆေးနိုင်သည့်နေရာနှင့်အချိန် ကို တောင်းဆိုထားသည့် ကျောင်းသားများထံ အသိပေးအကြောင်း ကြားမည်။

**ပညာရေးမှတ်တမ်းများ ပြင်ဆင်ချက်တောင်းခံခြင်း။** ။ အမှားတွေ့ရှိပါက၊ မိဘ/အုပ်ထိန်းသူများ (သို့မဟုတ်) သင့်လျော်သည့်ကျောင်းသားက ဘာလင်တန် ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ ကျောင်းသားမှတ်တမ်းပြင်ဆင်ချက်ကို တောင်းခံရမည်။ သူတို့ပြောင်းချင်သည့်မှတ်တမ်း အစိတ်အပိုင်းကို သူတို့က ရွေးချယ်ဖော်ထုတ်ပြီး ဤမှတ်တမ်းသည် ဘာ့ကြောင့်မတိကျ ကြောင်း၊ အထင်အမြင်မှားစေကြောင်း၊ ကျောင်းသား၏ ပုဂ္ဂလိကအချက်အလက်(သို့မဟုတ်) အခြားအခွင့်အရေးများကို ချိုးဖောက်နေသည်ဟု သူတို့အနေနှင့် ယုံကြည်နေသည်ဆိုခြင်းကို သတ်မှတ်ပြဋ္ဌာန်းရမည်။

**မိဘ/အုပ်ထိမ်းသူ(များ)၏ဆန္ဒမပါဘဲ သတင်းအချက်အလက်များ ဖော်ပြခြင်း။** ။ဘာလင်တန် ကျောင်းအုပ်ချုပ်ရေးနယ်မြေသည် မိသားစု ပညာရေးအခွင့်အရေးနှင့် ပုဂ္ဂလိကအချက် အလက်များထိန်းသိမ်းမှု အက်ဥပဒေ FERPA, 99 CFR §99.31 က ခွင့်ပြုထားသည့် ဆန္ဒသဘောထား ချွင်းချက်များနှင့်အညီ မိဘ/ အုပ်ထိန်းသူ(များ)၏ သဘောဆန္ဒ မပါဘဲ ကျောင်းသားတယောက်၏မှတ်တမ်းမှ သတင်းအချက်အလက်များကို ဖော်ပြမည်ဖြစ်သည်။

**လမ်းညွှန်စာအုပ်စာအုပ်၌ ထည့်သွင်းမည့်သတင်း။** ။ဤသတင်းကို မဖော်ပြနိုင်ကြောင်း မိဘ/အုပ်ထိမ်းသူ(များ) က အကြောင်းမကြားလျှင် ကျောင်းအုပ်ချုပ်ရေး က လမ်းညွှန်စာအုပ် သတင်း အဖြစ် သတ်မှတ်ထားသည့် သတင်းကို ဖော်ပြနိုင်သည်။ အောက်ပါသတင်း အချက်အလက် များသည် လမ်းညွှန်စာအုပ်တွင် ထည့်သွင်းမည့် သတင်းအချက်အလက် များဖြစ်သည်။ ၎င်းတို့မှာ မိဘ/ အုပ်ထိမ်းသူ(များ)၏အမည်နှင့်လိပ်စာ၊ အီးမေး လိပ်စာ၊ ကျောင်းသားအမည်၊ လိပ်စာ၊ တယ်လီ ဖုန်းနံပတ်၊ မွေးသက္ကရာဇ်၊ လိင်၊ အားကစားအသင်းဝင် များ၏ခန္ဓာကိုယ် အလေးချိန် နှင့်အရပ်၊ ကျောင်းအုပ်ချုပ်ရေးက အသိအမှတ်ပြုထားသည့် လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကျောင်း တက်ချိန်၊ လက်ခံရရှိထားသည့် ဒီဂရီနှင့်ဆု များ၊ ကျောင်းနှစ်ပတ်လည်စာစောင်တွင်ဖော်ပြသည့် ဓါတ်ပုံများ၊ အတန်းဓါတ်ပုံများ၊ ရနိုင်ပါက မကြာသေးခင်က ကျောင်းခေါ်ချိန် မှတ်တမ်းနှင့် ထိုကျောင်းသားပြောင်းရွှေ့ခဲ့သည့်ကျောင်းတို့ ဖြစ်သည်။ ဤသတင်းအချက်အလက်များကို နယ်မြေ ကျောင်းအုပ်ချုပ်ရေးမှူး များ(သို့မဟုတ်) ကျောင်းအုပ်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဖော်ပြနိုင်သည်။

**လမ်းညွှန်စာအုပ်စာအုပ်၌ထည့်သွင်းမည့် သတင်းဖော်ပြချက်ကိုကန့်သတ်ရန်။** ။ဘာလင်တန် ကျောင်းအုပ်ချုပ်ရေးနယ်မြေအား သင့်သဘော ထားမပါဘဲ၊ သတင်းအချက်အလက်များ မဖော်ပြစေ လိုလျှင် ဤသတိပေးကြောငြာစာ ဖြန့်ဝေသည့်ရက် (သို့မဟုတ်) ကျောင်းသား (သင်)၏ နောက်ကျသည့် ကျောင်းဝင်ခွင့် စာရင်းသွင်းသည့်ရက် ၁၀ ရက်အတွင်း မိဘ/အုပ်ထိမ်းသူများ (သို့မဟုတ်) သင့်လျော်သော ကျောင်းသားက တရားဝင်လျှောက်လွှာကို ကျောင်းအုပ်ထံ တင်သွင်းရမည်။

**သဘာဝကျသော ပညာရေးဆိုင်ရာစိတ်ဝင်စားမှုများကို ဆရာများ နှင့် အခြားကျောင်းအရာ ရှိများအား ထုတ်ဖော်ပြောဆိုချက်။** ။ မိသားစု

ပညာရေးအခွင့် အရေးနှင့် ပုဂ္ဂလိကအချက်အလက်များထိန်းသိမ်းမှု အက်ဥပဒေ (FERPA)၊ ၎င်း၏စည်းမျဉ်းများနှင့် ကျောင်းဘုတ်အဖွဲ့၏ပေါ်လစီနှင့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ကျောင်းအုပ်ချုပ်ရေးနယ်မြေက သဘာဝကျသော ပညာရေးဆိုင်ရာ စိတ်ဝင်စားမှုများကို ဆရာများ နှင့် အခြားကျောင်းအရာရှိများအား ပညာရေး မှတ်တမ်းများ ထုတ်ပေးမည်။ ၎င်းတို့မှာ

- သူ/သူမ ရာထူးဖော်ပြချက် (သို့မဟုတ်) ကန်ထရိုက်သဘောတူညီချက်၌ သတ်မှတ် ထားသည့် လုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်။
- ကျောင်းသားစည်းကမ်းနှင့်ဆိုင်သည့် လုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်။
- ကျန်းမာရေးစောင့်ရှောက်မှု၊ ဆွေးနွေးလမ်းညွှန်မှု (သို့မဟုတ်) အလုပ်အကိုင် ရှာဖွေရေး လုပ်ငန်း စသည်တို့ကဲ့သို့ ကျောင်းသား (သို့မဟုတ်) ကျောင်းသားမိသားစုနှင့်ပတ်သက်ပြီး ဝန်ဆောင် မှုလုပ်ငန်း လုပ်ပေးနေသူ (သို့မဟုတ်) အစိုးရထံမှ ထောက်ပံ့ကြေး ရအောင် စီစဉ်ပေးနေသည့် ပုဂ္ဂိုလ်။
- ကျောင်းသား၏ကျောင်းခေါ်ချိန် (သို့မဟုတ်) ကျောင်းသားများနှင့်ဆိုင်သည့် ဥပဒေအောဏာ တည်ရေး ဆိုင်ရာအခြား ကိစ္စများနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်ကို ထမ်းဆောင် နေသည့်ပုဂ္ဂိုလ်။
- ကျောင်းအုပ်ချုပ်ရေးနယ်မြေမှ ကျောင်းသားများ အပါအဝင် ကျောင်းအုပ်ချုပ်ရေးနယ် မြေတစ်ခုလုံး၏ ဘေးကင်းလုံခြုံမှုကို အာမခံရေးနှင့် ဆက်စပ်နေသည့် လုပ်ငန်း တာဝန်များကို ထမ်းဆောင်နေသည့်ပုဂ္ဂိုလ်။

## ဆရာနှင့်အတတ်ပညာအရည်အချင်း

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေက Title I ရန်ပုံငွေကိုလက်ခံရရှိသော ကြောင့် ၎င်းတို့ ကလေး(များ)၏ ဆရာသည် ပြည်နယ်ကသတ်မှတ်ထားသည့် အရည်အချင်းနှင့်လိုင်စင်စံ သတ်မှတ်ချက် ရှိ-မရှိ၊ ဆရာက လိုင်စင်ကိုင်ဆောင်ခြင်း လိုအပ်-မလိုအပ် (သို့မဟုတ်) ယာယီလိုင်စင်ဖြင့် သင်ကြားနေခြင်းဟုတ်-မဟုတ်နှင့် သူ/သူမ၏ ဘာချလာဘွဲ့(သို့) မာစတာဘွဲ့ဒီဂရီတွင် ဖော်ပြထား သကဲ့သို့ ဆရာ၏ဘာသာရပ်၊ စသည်တို့နှင့် ဆိုင်သည့် အချက်အလက်များ သိရှိရန် တောင်းဆိုမည့် မိဘ/အုပ် ထိမ်းသူများ၌ အခွင့်အရေး ရှိသည်။

ကလေးသည် ကျွမ်းကျင်သည့်ပညာရှင်များမှ ဝန်ဆောင်မှုများ လက်ခံရရှိလျှင် ကျွမ်းကျင် ပညာရှင် များ၏ အရည်အချင်းများကိုလည်း စစ်ဆေး၊ ဖြည့်ဆည်းပံ့ပိုးပေးရ မည်။ ကျောင်းအုပ်ချုပ် ရေးနယ် မြေ၏ ရည်ရွယ်ချက်မှာ ပြည်နယ်နှင့်ဖယ်ဒရယ်ဗဟို အစိုးရ ဥပဒေအရ သင်တန်းနှင့်အတွေ့အကြုံမရှိသော ဆရာက မည်သည့်ကျောင်း သားကိုမျှ ၄ ပတ် (သို့မဟုတ်) ၄ ပတ် ဆက်တိုက်ကျော် သင်ကြားခြင်းကိုလက်ခံခြင်း မပြုပါ။ မိဘ/အုပ်ထိမ်း သူများကလည်း ပြည်နယ်၏ ပညာရေးဆိုင်ရာ ဆန်းစစ်ချက် တခုစီတွင် ၎င်းတို့ကလေး၏အောင်မြင်မှုအဆင့်အတန်းနှင့်စပ်လျဉ်း၍ သတင်း အချက်အလက်များ ရရှိရန် အခွင့်အရေးရှိသည်။

## တဦးချင်းသင်ကြားခြင်း၊ အိမ်၌သင်ကြားသည့် ဝန်ဆောင်မှုလုပ်ငန်း

မသန်မစွမ်းဖြစ်မှု (သို့မဟုတ်) ကိုယ်ဝန်ရှိမှုတို့ကြောင့် ၎င်းတို့အနေဖြင့် ၁ဝရက်ဆက်တိုက် (သို့မဟုတ်) ၁ဝရက်ကျော် ကျောင်းမတက်နိုင်သည့်အခါ ကျောင်းသားများသည် သင့်လျော်သည့်အများဆိုင်ရာနေရာတခု နေရာ၌၊ အိမ်၌ (သို့မဟုတ်) ဆေးရုံ၌ သင်ကြားရန် သင့်လျော်သည်။ ဤဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ် သိလိုလျှင် ကျောင်းအုပ်သို့ ဆက်သွယ်ပါ။

## ဗီဒီယိုရိုက်ခြင်း၊ ရုပ်ရှင်ရိုက်ခြင်း၊ ဓါတ်ပုံရိုက်ကူးခြင်း

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေသည် နေရာအသီးသီးတွင် အလျဉ်းသင့်သည့် အချိန်တိုင်း၌ ဘေးကင်းလုံခြုံမှုစနစ် အစိတ် အပိုင်းတရပ်အနေဖြင့် ဗီဒီယိုဖြင့် ထောက်လှမ်း ကြည့်ရှုခြင်းကို လုပ်ဆောင်သည်။ ကျောင်းလှုပ်ရှားမှုများတွင် ပါဝင်လုပ် ဆောင်စဉ် ကျောင်းသားများအား ဗီဒီယိုရိုက်ကူးခြင်း၊ ရုပ်ရှင်ရိုက်ခြင်း၊ (သို့မဟုတ်) ဓါတ်ပုံရိုက်ခြင်းလုပ်ရာတွင် သင့်လျော်သည့် ကြိုတင်ပြင်ဆင်မှုနှင့် ကျိုးကြောင်းပြချက်များ လိုအပ်သည်။

ဤသည်တို့က မိသားစု ပညာရေးအခွင့်အရေးနှင့် ပုဂ္ဂလိကအချက်အလက်များထိန်းသိမ်းမှု အက်ဥပဒေ (FERPA) ကို ချိုးဖောက်နိုင်သည်။ ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေက မည်သည့်ရုပ်ရှင်ရိုက်ကူးမှု (သို့မဟုတ်) ဗီဒီယိုရိုက် ကူးမှုကို မဆို သဘောမတူခွင့်ကို ထိန်းထားသည်။ နှစ်စဉ်ဖြန့်ဝေပြီး ကျောင်းရုံးခန်းတွင်ရရှိနိုင်သည့် မိဘ/အုပ်ထိန်းသူများ ဖြည့်ရသည့် ဖောင်ပုံစံ ကို အသုံးပြုပြီး မိဘများ/အုပ်ထိန်းသူများ ၎င်းတို့ကလေး(များ)အား ဗီဒီယို မရိုက်ရန်၊ ရုပ်ရှင်မရိုက်ရန် (သို့မဟုတ်) ဓါတ်ပုံ မရိုက်ရန် ရွေးချယ်နိုင်သည်။

ဆုချီးမြှင့်သည့်စည်းဝေးပွဲများ၊ ပြဇာတ်များ၊ ကပွဲများ၊ အားကစားပြိုင်ပွဲများ ကဲ့သို့ အဖြစ်အပျက်များ (သို့မဟုတ်) သတင်းဖြစ်လောက်သော သွင်ပြင်လက္ခဏာရှိသည့် အလားတူ အဖြစ်အပျက်များကို ပြည်သူသို့ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုရမည်။ ထို့ကြောင့် မီဒီယာကို ဤပေါ်လစီ၏ အစိတ်အပိုင်းတရပ်အဖြစ် ရည်ရွယ်ခြင်းမဟုတ်ပါ။ မတော်တဆ (သို့မဟုတ်) ထူးခြားသည့် ဝန်းကျင်အခြေအနေအောက်တွင် ဖြစ်ပွားသည့် မီးလောင်မှု အဖြစ်အပျက်တွင် အများပြည်သူ (နှင့်/သို့မဟုတ်) သတင်းမီဒီယာကို ကျောင်းနှင့်ဆက်သွယ်ခွင့် ပေး၊ မပေး ဆိုခြင်းကို ကျောင်းအုပ်က ဆုံးဖြတ်နိုင်သည်။

ဤပေါ်လစီသည် ဗီဒီယိုရိုက်ခြင်း၊ ရုပ်ရှင် ရိုက်ခြင်းနှင့်ဓါတ်ပုံပညာတို့နှင့်မသက်ဆိုင်။ ဤကိစ္စကို တရားဝင်ပညာရေး အကျိုးစီးပွားအတွက် ကျောင်းအရာရှိများကသာ အသုံးပြုနိုင်သည်။ သို့မဟုတ် ဤနေရာ၌ အလုပ်က မိသားစု ပညာရေးအခွင့်အရေးနှင့် ပုဂ္ဂလိကအချက်အလက်များထိန်းသိမ်းမှု အက် ဥပဒေ (FERPA)၏ ထုတ်ဖော် ပြောဆိုခြင်း နည်းဥပဒေနှင့်ဆိုင်သည့် အခြားချွင်းချက်များကို ကြုံတွေ့ရသည်။

ကြီးကြပ်ရေးမှူး၏ခွင့်ပြုချက်နှင့်ကျောင်းသားအား အသိပေးပြီးဖော်ဆောင်သည့် လုံခြုံရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ တိုက်ရိုက် အကျိုးဆက်အဖြစ် လုပ်ဆောင်သည့်အခါများမှလွဲ၍ အပြည့်အစုံ ရှင်းမပြဘဲ၊ ကျောင်းသား၏ခွင့်ပြုချက် မရှိဘဲ ကျောင်းသား တယောက်ယောက်အား ဗီဒီယိုရိုက်ခြင်း၊ ရုပ်ရှင်ရိုက်ခြင်း (သို့မဟုတ်) ဓါတ်ပုံ ရိုက်ခြင်းကို အတိအကျ တားမြစ်ထားသည်။ ဤပေါ်လစီကို ချိုးဖောက်သည့် မည်သူမဆို စည်းကမ်းလုပ်ထုံးလုပ်နည်းအရ အရေးယူ ခံရနိုင်သည်။

## လက်နက်ပိုင်ဆိုင်ခြင်း

ကျောင်းဘုတ်အဖွဲ့က ကြားနာစစ်ဆေးပြီးနောက် ကျောင်းလှုပ်ရှားမှုအပါအဝင် ကျောင်းသို့ လက်နက်ယူဆောင်လာသည်ကို တွေ့ရှိသည့် ကျောင်းသားတယောက်ကို ကျောင်းမှ တနှစ်ထိ မောင်းထုတ်နိုင်သည်။ လက်နက် ဟု ဆိုရာတွင် သေနတ်၊ ပေါက်ကွဲတတ်သောလက်နက်၊ သို့မဟုတ် ကိုယ်ခန္ဓာအားထိခိုက်စေသော ချွန်ထက်သည့်ပစ္စည်းကဲ့သို့ အန္တရာယ်ဖြစ်စေနိုင်သော လက်နက်တို့ ပါဝင်သည်။

## ပြည်နယ်စစ်ဆေးမှု

ပြည်နယ် သင်္ချာနှင့်အင်္ဂလိပ်စာ၊ ဘာသာစကား စာပေအနုပညာ စစ်ဆေးခြင်း။

(၃)တန်းမှ (၈)တန်းထိ နှင့်ယခုအခါ (၁၁)တန်းထက်စာလျှင် (၉) တန်း ကျောင်းသားအားလုံး နွေဦးရာသီတိုင်းတွင် စမာ့ဒါး ဘဲလန်းစ် အစက်စ်မန့်န် (SBAC) ဟုခေါ်သည့် ပြည်နယ်အရည်ချင်းစစ် စာမေးပွဲကိုဖြေဆိုရမည်။ စမာ့ဒါး ဘဲလန်းစ် အစက်စ်မန့်န် (SBAC) ဆိုသည်မှာ သင်္ချာနှင့်အင်္ဂလိပ်စာ၊ဘာသာစကား၊ စာပေအနုပညာ စသည့် ပြည်နယ်တိုင်းရှိ ကျောင်းအားလုံးတွင်သင်ကြားရသည့် အဓိကဘာသာရပ်များတွင် ကျောင်းသားတဦးချင်းစီ၏ စွမ်းရည်ကို တိုင်းတာသည့် ကွန်ပြူတာစနစ်ဖြင့်စစ်ဆေးခြင်း ဖြစ်သည်။ နှစ်စဉ် မတ်လနှင့်ဇွန်လတွင် SBAC ကို ကျင်းပသည်။

ပြည်နယ်သိပ္ပံဘာသာစစ်ဆေးခြင်း)။ ၂ဝ၁၈၊ မေလတွင် (၅)တန်း၊ (၈)တန်းနှင့် (၁၁)တန်းတို့၌ သိပ္ပံဘာသာအရည်အချစ်စစ်စာမေးပွဲအသစ်ကို ဗားမောင့်ပြည်နယ်က စတင်ခဲ့သည်။ SBAC ကဲ့သို့ သိပ္ပံဘာသာရပ် စာမေးပွဲ ကိုကွန်ပြူတာပေါ်တွင် နှစ်စဉ် စစ်ဆေးမည် ဖြစ်သည်။ နောက်မျိုးဆက်သိပ္ပံပညာ စံချိန်စံညွှန်းများ(NGSS)နှင့်ပတ်သက်သည့် ကျောင်းသားတဦးချင်းစီ၏ စွမ်းရည်ကို တိုင်းတာရန် ရေးဆွဲထားသည်။

ပြည်နယ်ခန္ဓာကိုယ်ကြံ့ခိုင်မှုစစ်ဆေးခြင်း(အသစ်)။ ၂ဝ၁၈ မေလတွင် (၄)တန်း၊ (၇)တန်းနှင့်(၉)တန်းတို့၌ ခန္ဓာကိုယ်ကြံ့ခိုင်မှု စစ်ဆေးခြင်းအသစ်ကို ဖစ်နက်စ်ဂရမ် (FitnessGram) ကရိယာသုံးပြီး စတင်စစ်ဆေးခဲ့သည်။ အေရိုးဗစ်စွမ်းရည်၊ ကြွက်သားသန်စွမ်းမှု၊ ကြွက်သားခံနိုင်ရည်ရှိမှုနှင့်ပျော့ပြောင်းမှု စသည့် နယ်ပယ် (၄)ခုတွင် ကျောင်းသားအားလုံး စစ်ဆေးရမည် ဟု ပြည်နယ်က တောင်းဆိုထားသည်။

ပြည်နယ်စာမေးပွဲစစ်ဆေးနေချိန်အတွင်း ကျောင်းသားတဦးစီက တောင်းဆိုသည့် နေရာထိုင်ခင်း၊ အထောက်အကူပစ္စည်းများကို ကျောင်းတိုင်ရှိဝန်ထမ်းများက လုပ်ဆောင်ပေးရမည်။

ကျနော့်အနေနဲ့ နောက်ထပ်ဘယ်လိုသင်ယူလေ့လာနိုင်မှာလဲ။

မည်ကဲ့သိုစစ်ဆေးတိုင်းတာသနည်းဆိုသည့် ဤစစ်ဆေးမှုများ၊စံချိန်စံညွှန်းများနှင့်ပတ်သက်သည့် နောက်ထပ်သတင်းအချက်အလက်များ သိလိုပါက အောက်ပါ ဆိုက်များသို့ ဝင်ရောက်ကြည့်ရှုပါ။

- http://www.corestandards.org/
- http://www.smarterbalanced.org/
- http://education.vermont.gov/student-learning/content-areas/science
- https://www.nextgenscience.org/
- https://www.shapeamerica.org/standards/pe/
- http://education.vermont.gov/student-learning/content-areas/physical-education